ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (23-1-2006) (၄၈၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေး ကြိုးပမ်းရာတွင် အတိတ်သမိုင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြန်ကြည့်ရ အမျိုးသားညီလာခံတွင် အားနည်းချက်များ၊ အပျက်မျိုးစေ့များမပါရန် စိတ်ရှည်လက်ရှည် သုံးသပ်ညှိနှိုင်းဆောင်ရွက်နေ

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲလာသည်ကို မရှုဆိတ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို မပြတ်သောသတိ အမြဲရှိကြရန်လိုအပ်

ရန်ကုန်　　ဇန်နဝါရီ　　၂၂

ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၂၁ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် ရောဝတီတိုင်း ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါလူထုအစည်းအဝေးသို့ ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ပုသိမ်တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူ ပြည်သူများ စုစုပေါင်းအင်အား ၂၇၈၂၀ကျော်တို့သည် ရွှေမြန်မာစစ်ကြောင်း၊ ရွှေပြည်တန်စစ်ကြောင်း၊ ပေါ်ဆန်းမွှေးစစ်ကြောင်း၊ ဆင်းသွယ်လတ်စစ်ကြောင်း စစ်ကြောင်းလေးကြောင်းတို့ဖြင့် စုရပ်အသီးသီးမှ စစ်ကြောင်းမှူးများဦးဆောင်လျက် ကိုးသိန်းအားကစားကွင်းအတွင်းသို့ စစ်ကြောင်းအလိုက် ချီတက်ကြပြီး သတ်မှတ်ထားသောနေရာများတွင် စနစ်တကျ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ဟင်္သာတတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးစိုးမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရောဝတီတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစား တိုင်းအုပ်ချုပ်ရေးမှူး ဦးမျိုးထွန်း၊ ရောဝတီတိုင်း အငြိမ်းစား တိုင်းပညာရေးမှူး ဦးအုန်းမောင်၊ ပုသိမ်မြို့ အဝေရာဆေးတိုက်ပိုင်ရှင် တိုင်းရင်းဆေးသမားတော်ကြီး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

တစ်ခဲနက် ကြွေးကြော်

ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၁-၂၀၀၆
(တနင်္လာနေ့)

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်

(၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၈ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **ပြည်သူလေးစားအားထားရသည့် ပြည်သူ့ဆရာဝန်များအဖြစ် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်သွားနိုင်အောင် အသင်းသူ၊ အသင်းသားများအားလုံး ဝိုင်းဝန်းစောင့်ထိန်းကြရန်လိုအပ်ကြောင်း၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များစွာလိုအပ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အနေဖြင့်လည်း ကိုယ့်တိုင်းပြည်ကို ကြီးပွားတိုးတက်လိုသည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် ကိုယ့်တိုင်းပြည်အတွက် ကျရာအခန်းကဏ္ဍက အနစ်နာခံ ဆောင်ရွက်လိုသည့်စိတ်မျိုးရှိရန် အထူးလိုအပ်ကြောင်း** ပြောကြားသွားသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ဆေးပညာရှင်များအား ကိုယ်စားပြုသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပြီး သက်တမ်းအရရော ဂုဏ်သိက္ခာအရပါ လေးစားအားထားဖွယ်ရာကောင်းသည့် ပြည်သူ့အကျိုးပြုအသင်းကြီးဖြစ်သည်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ ဆရာဝန်အသင်းအား အသိအမှတ်ပြု အားပေးလျက်ရှိသည်နှင့်အညီ အသင်းသူ၊ အသင်းသား ဆရာဝန်ကြီးများအနေဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင်သာမက ဆေးပညာတိုးတက်ပြန့်ပွားရေးအတွက်ပါ သုတေသနလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် ဆေးဝါးအသစ်၊ ကုထုံးအသစ်များနှင့် ခေတ်မီဆေးကုသကိရိယာများကို တီထွင်ကြံဆပြီး မိမိတို့၏ အတတ်ပညာရပ်များဖြင့်ပေါင်းစပ်၍ ရောဂါအမျိုးမျိုးအား ငွေကုန်ကြေးကျသက်သာစွာ ကုသပေးနိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်သူတို့၏ ပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ပြည်သူတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်သူများ ကျန်းမာပြီး ရောဂါဘယကင်းဝေးရန်နှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံးတွင် ဆေးရုံပေါင်း ၆၃၁ ရုံသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၈၂၆ ရုံအထိ တိုးတက်လာပြီဖြစ်သည်။ ဆေးရုံအသစ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့် နည်းတူ လက်ရှိဆေးရုံကြီးများကို အဆင့်မြှင့်တင်ပေးခြင်း၊ ခေတ်မီဆေးကုသကိရိယာများ တပ်ဆင်ပေးခြင်းနှင့် အထူးကုဆရာဝန်ကြီးများ ခန့်ထားပေးခြင်းတို့ကိုလည်း စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ဆေးကုသမှုဝန်ဆောင်မှုအပိုင်းအနေဖြင့်လည်း အသည်းအစားထိုးကုသခြင်း၊ ကျောက်ကပ်အစားထိုးကုသခြင်း၊ နှလုံးသွေးကြော ခွဲစိတ်ကုသခြင်း၊ ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသခြင်း၊ အရိုးနှင့် ထိခိုက်ဒဏ်ရာများ၊ ပြန်ဆက်ခွဲစိတ် အစားထိုးကုသခြင်းစသည့် ကဏ္ဍများတွင် အောင်မြင်မှုများရရှိနေပြီဖြစ်ရာ မြန်မာ့ဆေးပညာရှင်များ၏ ဂုဏ်ယူဖွယ်ရာကြိုးပမ်းမှု မှတ်တိုင်များပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ဆေးပညာရှင်များအနေဖြင့် ပြည်သူတစ်ရပ်လုံးက လေးစားအားထားရသည့် ပြည်သူ့ဆရာဝန်များအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရင်း မိမိတို့အသိပညာ၊ အတတ်ပညာများနှင့်အတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ ဆက်လက်၍ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ဇန်နဝါရီ ၈ရက်က တာမွေမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၃)၌ကျင်းပသော မိဘဆရာ အသင်းအစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် တတိယတန်း၌ ဘက်စုံဆုရသော မောင်အောင်ဖြိုးပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေး ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ပြန်ကြားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

လူထုဆက်သွယ်ရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်းလွှမ်းခြုံဖြစ်ထွန်း

တိုင်းရင်းသား ပြည်သူအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး တစ်ခုလုံး ခေတ်မီဖွံ့ဖြိုးရေးတို့ကို ဝိုင်းဝန်း ဖော်ဆောင်ရာတွင် တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေး၊ ဉာဏ်ပညာ ထူးချွန်ထက်မြက်ရေးနှင့် အသိအမြင် အယူအဆ မှန်ကန်ရေးတို့သည် ပဓာနကျသော အခြေခံအကြောင်းတရားများပင် ဖြစ်သည်။

အရုပ် အသံများကို မြန်မာနိုင်ငံ မြောက်ဖျားဒေသရှိ နန်းယွန်း၊ ဒေါ့ဖုန်းယန်ဒေသ များသာမက မြန်မာနိုင်ငံ တောင်ပိုင်းရှိ ဟိုင်းကြီးကျွန်း၊ ကိုကိုးကျွန်းဒေသတို့တွင်ပါ ဖမ်းယူကြည့်ရှုနားသောတဆင်နိုင်ပေသည်။

ကျေးလက်ဒေသနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားစေရန်နှင့် လူထုဆက်သွယ်ရေးလုပ်ငန်းများ မြင့်မားတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ၃၇၅ရုံးအထိ တိုးချဲ့ဖွင့်လှစ်ပြီး ရုပ်မြင်သံကြား၊ စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် နယ်လှည့်စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တပ်မတော် အစိုးရလက်ထက်တွင် မီဒီယာလုပ်ငန်းများ ပိုမိုကျယ်ပြန့်မြင့်မားတိုးတက်လာစေရန် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိရာ ဖြစ်ပေါ်လာသည့် လူထုဆက်သွယ်ရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။

နိုင်ငံတော်နှင့် ပြည်သူများအကြား၊ နိုင်ငံတော်နှင့် နိုင်ငံတကာအကြား၊ အဖွဲ့အစည်းများအကြား၊ ကမ္ဘာ့ပြည်သူများအကြား ပေါင်းကူးဝန်ဆောင်ပေးနေသည့် ကဏ္ဍသည် ပြန်ကြားရေးကဏ္ဍပင်ဖြစ်ပေသည်။ နိုင်ငံတော်က ထုတ်ပြန်ပေးနေသည့် သတင်းပြန်ကြားချက်နှင့် သတင်းအချက်အလက်များ၊ ပြည်ထောင်စုတစ်ဝန်း ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း သတင်းများကို တိုင်းရင်းသားပြည်သူများ နေ့စဉ်မပြတ် ဖတ်ရှုကြည့်မြင်သုံးသပ် ဆင်ခြင်နိုင်ရန်အတွက် ပြန်ကြားရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ လျင်မြန်သွက်လက် ထက်မြက်နေသော မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ သတင်းနှင့်ပြန်ကြားရေးကဏ္ဍသည် အတူလိုက်ပါ ဖွံ့ဖြိုးတိုးတက်လာသည်။ နိုင်ငံတော်၏ နေ့စဉ်ဖြစ်ပေါ်တိုးတက်မှုများကို သတင်းစာမျက်နှာများတွင်သာမက အင်တာနက်ဝက်(ဘ်)ဆိုက်တွင်ပါ ကြည့်ရှုနိုင်ပေသည်။ ကြည်လင်ပြတ်သားသော

ကိုယ်ပွားသတင်းစာတိုက်(မကွေး)တွင်ရှိသော Computer Network အဆောက်အအုံကို တွေ့ရစဉ်။

တိုးတက်ဖြစ်ထွန်းလာသည့် လူထုဆက်သွယ်ရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	မြန်မာ့အသံမှ နေ့စဉ်ထုတ်လွှင့်မှု (နာရီ)	၁၆း၅	၁၈း၄၅	၂း၄၀
၂	တည်ဆောက်ပြီး ထပ်ဆင့်လွှင့်စက်ရုံ	၁၅	၁၉၇	၁၈၂
၃	မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှု(နာရီ)	၅	၁၀	၅
၄	ဖမ်းယူကြည့်ရှုသည့် လူဦးရေ(သန်း)	၂၆.၁	၄၇.၇၇	၂၁.၆၇
၅	MRTV Channel	၁	၄	၃
၆	ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်	၁၀၀	၃၇၅	၂၇၅
၇	ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ	–	၄၈၆၆၇	၄၈၆၆၇
၈	ကိုယ်ပွားသတင်းစာတိုက်များ	–	၉	၉

ရွှေကျင်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ (၈၁)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရွှေကျင်မြို့နယ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ရွှေကျင်နယ်ဖွားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသက်(၈၀)နှင့် အထက် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများသည် အထောက်အထား အပြည့်အစုံဖြင့် ဒေါ်ဖွားရွှေ(နာယက) ဖုန်း–၂၉၈၆၂၆၊ ဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း–၂၉၀၈၃၈၊ ဦးငွေစိုး ဖုန်း–၂၀၁၁၂၃ နှင့် ရွှေကျင်ဓမ္မာရုံ ဖုန်း–၂၄၁၈၃၀တို့သို့ ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထားစာရင်းပေးပို့ကြပါရန် နှိုးဆော်ထားသည်။
(က–ပ)

ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၂၃) အခန်း(၁)နေ ဗိုလ်မှူးလှသိန်း(ငြိမ်း) (ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)၊ ဇနီး ဒေါ်ဆွေဆွေမြင့်တို့က (၄၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။
(က–ပ)



အမှာ
စကား
ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏(၁၅)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လုပ်ငန်းတိုးတက်မှုကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် ဆောင်ရွက် ဝန်ကြီးဌာနအနေဖြင့် တာဝန်ကြိုးစားထမ်းဆောင်သူ၊ အသိအမှတ်ပြုသင့်သူများကို ဆုပေးဒဏ်ပေးစနစ်အရ ထိုက်သင့်သည့်အခွင့်အရေးများ စဉ်းစားဆောင်ရွက်ပေးနေ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏(၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ၂၀၀၆ ခုနှစ် နှစ်သစ်တွင် ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသည် မင်္ဂလာရှိပြီး လာမည့်တစ်နှစ်တာကာလ၏ လုပ်ငန်းတာဝန်များကို မင်္ဂလာရှိရှိဖြင့် အောင်မြင်မှုရရှိအောင် ကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဌာနများ၏ နှစ်ပတ်လည် အခမ်းအနားများကိုကျင်းပသည့် ရည်ရွယ်ချက်နှစ်ရပ်နှင့်အညီ ပြီးခဲ့သည့်နှစ်တွင် မိမိဌာနအတွက် သတ်မှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များထဲက မည်သည့်အရာများ အောင်မြင်ခဲ့ပြီး မည်သည့်လုပ်ငန်းတွင် အားနည်းနေသေးသည်ကို သုံးသပ်၍ အားသာချက်၊ အားနည်းချက်များ ရှာဖွေကာ လာမည့်နှစ်တွင် တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ဤအခမ်းအနားတွင် လုပ်ငန်းတာဝန်ထမ်းဆောင်မှုဆုရ ခရိုင်၊ မြို့နယ်ရုံးများနှင့် ကြိုးစားမှုရှိသူ ဝန်ထမ်းများ၊ သင်တန်းထူးချွန်ဝန်ထမ်းများနှင့် ပညာရည်ထူးချွန်သော သား၊ သမီးများအား ဂုဏ်ပြုဆုများချီးမြှင့်မည် ဖြစ်ကြောင်း၊ ဆုမရရှိသေးသော ဝန်ထမ်းများ အနေဖြင့်လည်း နောင်နှစ်များ၌ ယခုကဲ့သို့ ဆုများရရှိအောင် လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ရန် မှာကြားလိုကြောင်း။

ဆုပေးဒဏ်ပေး

ဝန်ထမ်းများအနေဖြင့် ယနေ့ အချိန်ကာလသည် တာဝန်ကျေလျှင်ပြီးရော ဆိုသည့် စိတ်ဓာတ်ထားရမည့် အချိန် မဟုတ်ကြောင်း၊ ဆုပေးဒဏ်ပေးစနစ်အရ ကောင်းသော ယှဉ်ပြိုင်မှုများဖြင့် စိတ်ကောင်းစေတနာထားကာ လုပ်ငန်းတိုးတက်မှုကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖြင့် ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ကြောင်း၊ တာဝန်ရှိသူ ဌာနအကြီးအကဲများကလည်း မိမိတို့လက်အောက်ရှိ ရုံးဌာနများ၊ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုကို အမြဲကြပ်မတ်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ကိုယ်တိုင်ကလည်း အလုပ် တာဝန်ကို စေတနာထား ဆောင်ရွက်လျှင် စေတနာအကျိုးကို ခံစားကြရမည် ဖြစ်ကြောင်း၊ဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းတာဝန်ကြိုးစား ထမ်း ဆောင်သူ၊ အသိအမှတ်ပြုသင့်သူများကို ဆုပေး ဒဏ်ပေးစနစ်အရ ထိုက်သင့်သည့် အခွင့်အရေးများ စဉ်းစားဆောင်ရွက်ပေး လျက်ရှိကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် ၂၀၀၅ ခုနှစ်တွင် လုပ်ငန်းတာဝန်ကိုးရပ် သတ်မှတ်ပေးခဲ့ရာ အားလုံးအပေါ်ခြုံကြည့်ပါက ယခင်နှစ်များကထက် ပိုမိုအောင်မြင်တိုးတက် ဆောင်ရွက်နိုင် သည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ယနေ့ထိ ကျေးရွာစာကြည့်တိုက်ပေါင်း ၄၈၆၆၇ ခု ဖွင့်လှစ်ပြီးဖြစ်၍ အောင်မြင်မှုရှိပါကြောင်း၊ သို့သော်လည်း အချို့အားနည်းချက်များရှိသည်ကိုတွေ့ရကြောင်း၊ ပေးအပ်သည့် တာဝန်ကို ကြိုးစားပြီးဆောင်ရွက်သည့် ခရိုင်၊ မြို့နယ်ရုံးများရှိသကဲ့သို့ အချို့ရုံးများအနေဖြင့် အားနည်းနေသေးကြောင်း၊ ယခုနှစ်တွင် တွေ့ရှိရသည့် အားသာချက်များကို ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သွားကြပြီး အားနည်းချက်များ လျော့နည်းပပျောက်အောင် ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရုံးချုပ်၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် ဝန်ထမ်းတစ်ဦးချင်းတွင် လုပ်နိုင်သည့်အားကို အကုန်မသုံးကြသေးဘဲ ကျန်နေသေးသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်း၏ လုပ်အားကို အပြည့်အဝသုံးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏အခြေအနေကို အမြဲဂရုပြုစဉ်းစားပြီး ဆောင်ရွက်ပေးသင့်သည်များကို စေတနာထားဆောင်ရွက် ပေးလျက်ရှိကြောင်း၊ဤသည်ကိုတုံ့ပြန်သောအားဖြင့်မိမိတို့ဝန်ထမ်းများကတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် Mediaနည်းဖြင့် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း။

ယနေ့နိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်နှင့် ပြည်သူများ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတစ်ရပ်လုံး အသိပညာ ဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး စသည့်အချက်များသည် အဓိကကျကြောင်း။

ယနေ့အချိန်အခါတွင် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းအချို့သည် လက်နက်များကို လုံးဝစွန့်လွှတ်ကြပြီဖြစ်ကြောင်း။ နိုင်ငံတော်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် စံပြခရိုင်ရုံး ပထမဆုရ သာယာဝတီခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် တိုးတက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံထောင့်စုံက အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ပြည်ပနိုင်ငံကြီးတချို့က ၎င်းတို့ပြောသည့်အတိုင်း မလုပ်၊ ၎င်းတို့ဩဇာမခံသဖြင့် မိမိတို့နိုင်ငံအပေါ် ဘက်ပေါင်းစုံက နှောင့်ယှက်တားဆီး ပိတ်ပင်မှုပြုလုပ်နေကြောင်း၊ ထို့အတူ ပြည်ပလက်ဝေခံ၊ ပြည်တွင်းရှိသစ္စာဖောက် ပုဆိန်ရိုးတချို့ကလည်း သူခိုးကိုဓားရိုးကမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်တားဆီးပိတ်ပင်မှုများ ပြုလုပ်ကြကြောင်း။

ထို့ကြောင့်နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာတွင် အခက်အခဲများတွေ့နေရကြောင်း၊ နောက်ဆုံးတွင် ၎င်းတို့ နှောင့်ယှက် တားဆီးပိတ်ပင်မှုများကြောင့် ပြည်သူလူထုပင် နစ်နာရကြောင်း၊ ယင်းတို့ကို ပြည်သူလူထုများ အမှန်အတိုင်း သိရှိနိုင်ရေး မိမိတို့ဝန်ထမ်းများက Media နည်းဖြင့် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်က ဦးစားပေးဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဝင်ငွေနှင့် သုံးငွေမျှတရေး၊ စက်မှုနိုင်ငံထူထောင်ရေး၊ စွမ်းအင်တိုးတက်ထုတ်ရေးနှင့် စွမ်းအင်အစားထိုးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြိုးခြံချွေတာရေး စသည်တို့နှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသား ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတို့တွင် မိမိတို့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✧

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် သတင်းစာ၌ သတင်းအများဆုံးဖော်ပြနိုင်သည့် ပြည်နယ်/တိုင်းရုံးများကိုယ်စား ရန်ကုန်တိုင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ်၌ တရုတ်မြို့ပြတွင် နေထိုင်သူများအနက် အလုပ်အကိုင်သစ်ရရှိသူ ၉ ဒသမ ၇ သန်းရှိ

ပေကျင်း ဇန်နဝါရီ ၂၁

တရုတ်နိုင်ငံ မြို့ပြဒေသများတွင် နေထိုင်သူများအနက် အလုပ်အကိုင်သစ်ရရှိသူဦးရေမှာ ၂၀၀၅ ခုနှစ်တွင် ၉ ဒသမ ၇ သန်းရှိပြီး ၂၀၀၄ ခုနှစ်က ၉ ဒသမ ၈ သန်းရှိခဲ့ကြောင်း၊ ယင်းအနက် အလုပ်အကိုင်များ ပြန်လည်ရရှိသူဦးရေသည် ၅ ဒသမ ၁ သန်းရှိကြောင်း၊ ယင်းဦးရေတွင် အသက် ၄၀ နှင့် ၅၀ ကြားရှိ အလုပ်အကိုင်ပြန်လည်ရရှိသူများသည် ၁ ဒသမ ၃ သန်းပါဝင်ကြောင်း အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း၌ နိုင်ငံပိုင်လုပ်ငန်းများမှ အလုပ်လက်မဲ့ဖြစ်ခဲ့သူ သန်း ၁၈၀ ကျော်သည် အလုပ်အကိုင်သစ်များ ပြန်လည်ရရှိခဲ့ကြသည်ဟု ပြောရေးဆိုခွင့်ရှိသူ ဟူဝီအာရီက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောဆိုခဲ့သည်။

၂၀၀၅ ခုနှစ်တွင် အလုပ်မရှိသူသည် ၈ ဒသမ ၃၉ သန်းရှိကြောင်း၊ မှတ်ပုံတင်ထားသော အလုပ်အကိုင်မရှိသူနှုန်းသည် ၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ယမန်နှစ်ကနှုန်းထားနှင့် တူညီလျက်ပင်ရှိသည်ဟု ၎င်းက ဆိုသည်။

တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့် အလုပ်ပြန်လည်ရရှိစေရန် ကူညီသည့်လုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့သည်မှာ သုံးနှစ်ဆက်တိုက်ရှိပြီဖြစ်သည်။

၂၀၀၅ ခုနှစ်ကုန်ပိုင်းအထိ တရုတ်နိုင်ငံ၌ အလုပ်အကိုင်ရှိသူသည် သန်း ၇၆၀ရှိကြောင်း၊ ၂၀၀၀ ပြည့်နှစ်ကုန်ပိုင်းကထက် သန်း ၄၀ ပိုမိုလာကြောင်း ဟူက ပြောဆိုခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ခြင်း၊ ဆေးဝါးကုသစရိတ်၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် မီးဖွားခြင်းတို့အတွက် ပေးရသောငွေသည် ယွမ်ငွေ ၇၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၅ ဘီလီယံ) လျော့နည်းသွားခဲ့သည်။ အကျိုးဆက်ခံသူများကို ပေးရငွေသည် ယွမ်ငွေ ၅၄၀ ဘီလီယံရှိသည်ဟု ၎င်းက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံနေ့တွင် ပါဝင်ဆင်နွှဲရန် လေ့ကျင့်နေကြသော အိန္ဒိယတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောင်ကောင်၌ ရထားများ ဘေးအန္တရာယ်လုံခြုံမှုရှိရေး နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်မည်

ဟောင်ကောင် ဇန်နဝါရီ ၂၁

ရထားများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲနိုင်ရေးနှင့် ခရီးသည်များ လုံခြုံမှုရှိရေးတို့သည် အဓိက လုပ်ငန်းရပ်ဖြစ်သည်ဟု ဟောင်ကောင်ပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေးနှင့် အလုပ်သမားဝန်ကြီး ဆာရက်လီအိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရထား၏အောက်ခြေအစိတ်အပိုင်းများ ခိုင်ခံ့မှုရှိစေရန် စစ်ဆေးသည့်နည်းလမ်းသစ်များကို နောက်လတွင် စတင်လေ့လာမည်ဖြစ်ကြောင်း ၎င်းက ပြော ကြားခဲ့သည်။ ထိုလုပ်ငန်းများကို ကောင်းလုံး-ကန်တုန် ရထားကော်ပိုရေးရှင်းက ဆောင်ရွက်မည်ဖြစ်သည်။

ခရီးဝေးသွားလာသူများ အဆင်မပြေဖြစ်မှုများမရှိရန်လည်း အရေးကြီးသည့်အတွက် ရထားလုပ်ငန်းများတွင် ဥပဒေပြဋ္ဌာန်းမှုကို ဆက်လက်ဆောင်ရွက်သွားရန် လျောင်အိုက ဥပဒေပြုအမတ်များအား ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။ ရထားများ လုံခြုံစိတ်ချစွာ ပြေးဆွဲနိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများကို အချိန်နှင့်အမျှ ဆောင်ရွက်ခဲ့သည်။ ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် ရထားစုံစမ်းစစ်ဆေးရေးမှူး ညွှန်ကြားရေးဝန်ရုံး ဝန်ထမ်းဦးရေကို ခုနစ်ဦးမှ ၁၅ဦးအထိ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

ပျက်စီးသွားသော ရထားများနှင့် အခြားသောအစိတ်အပိုင်းများ စသည့်သက်ဆိုင်ရာ အချက်အလက်များစုဆောင်းခဲ့ကြပြီး အဖြေများ ရှာဖွေဖော်ထုတ်ခဲ့ကြသည်။ အခက်အခဲကို ရေရှည် ဖြေရှင်းသွားနိုင်ရန်အတွက် စုံစမ်းမှုများ စတင်ဆောင်ရွက်မည်ဖြစ်သည်။

ခရီးသည်များ ရထားစီးနင်းရာတွင် လုံခြုံစိတ်ချမှုများ ရရှိရန်အတွက် ကုမ္ပဏီမှ ရထားအောက်ခြေ အစိတ်အပိုင်း လုံခြုံရေးစစ်ဆေးသော နည်းလမ်းသစ်များကို နောက်လတွင် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ကေစီအာစီမှ ဥက္ကဋ္ဌမိချယ်တန်က ပြောဆိုခဲ့သည်။

တစ်ချိန်တည်းမှာပင် ရထားများ လုံခြုံစိတ်ချစွာ ပြေးဆွဲနိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်လွန်ခါးပတ်များ၊ ရထားအောက်ခြေ၏ အဓိက အစိတ်အပိုင်း များအားလုံးကို ပိုမိုခိုင်ခံ့ရန် သတ္တုဘောင်များ ပြုလုပ်ထားခြင်း၊ ၄၈ နာရီအချိန်တိုင်းတွင် ရထားများကို စစ်ဆေးခြင်းနှင့် စစ်ဆေးထားမှုတိုင်း၏ မှတ်တမ်းများကို ထိန်းသိမ်းထားခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

နိုင်ငံအတွင်း ခိုးဝင်သူတစ်ဦးကို ပစ်သတ်မှု စစ်ဆေးရန် မက္ကဆီကိုက အမေရိကန်ကို တောင်းဆို

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၁

အမေရိကန်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက စာရွက်စာတမ်းမရှိဘဲ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခဲ့သူ နောက်တစ်ဦးကို ပစ်သတ်ခဲ့မှုအပေါ် အမေရိကန်အစိုးရက စုံစမ်းစစ်ဆေးပေးရန်အတွက် မက္ကဆီကိုအစိုးရက အင်္ဂါနေ့တွင် တောင်းဆိုထားရာ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ခိုးဝင်မှုနှင့် ပတ်သက်သည့် အငြင်းပွားဖွယ်ပြဿနာသည် မီးလောင်ရာလေပင့်သကဲ့သို့ အခြေအနေဆိုက်ရောက်သွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံးသွားသူမှာ မက္ကဆီကိုနိုင်ငံသား အစ္စမေးဆီဂူရာဆိုသူ ဖြစ်သည်။ လုံခြုံရေးဆိုင်ရာ အမေရိကန်ဝန်ထမ်းများက ၎င်းအား ဖမ်းဆီးရာ ၎င်းက အဖမ်းမခံဘဲ မော်တော်ယာဉ်ဖြင့်မောင်းနှင်ထွက်ပြေးရန် ကြိုးပမ်းခဲ့ပြီးနောက် လုံခြုံရေးဝန်ထမ်းများက သေနတ်ဖြင့် ရင်ဘတ်ကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ မကြာမီရက်များအတွင်း အမေရိကန်လုံခြုံရေးများက အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခဲ့သူတစ်ဦးကို ဒုတိယအကြိမ် ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု မက္ကဆီကိုအစိုးရက ပြောကြားသည်။

ဆီဂူရာသည် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာဖြင့် ဆေးရုံတွင် သေဆုံးခဲ့သည်။

တောင်းဆို

အသက် ၁၈ နှစ်ရှိ မက္ကဆီကိုနိုင်ငံသား ဂူလာမိုမာတီနက်ဇ်သည် ဆန်ဒီဂိုဒေသအနီး နယ်စပ်မှ အမေရိကန်နိုင်ငံအတွင်း နှစ်သစ်အကြိုနေ့က ခိုးဝင်ခဲ့ရာ အမေရိကန်နယ်စပ် အစောင့်များက ပစ်ခတ်မှုကြောင့်သေဆုံးခဲ့ရာ မက္ကဆီကိုသမ္မတ ဗင်းဆင့်ဖောက်စ်က တရားမျှတမှုရှိစေရေးအတွက် အမေရိကန်အစိုးရကို တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီး ခါလ်ဒီယာအရပ်တွင် ကင်းလှည့်နေသော ကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ ပြန်ပေးဆွဲခံရသူ မာလာဝီနိုင်ငံသား ကိစ္စ စုံစမ်းရန် မာလာဝီက အဖွဲ့ ဖွဲ့စည်း

လီလွန်ဝီ ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် သေနတ်သမားများ၏ ပြန်ပေးဆွဲမှုခံခဲ့ရသည်ဟု ယူဆရသည့် မာလာဝီနိုင်ငံသား ဆက်သွယ်ရေးဌာနမှ အင်ဂျင်နီယာတစ်ဦး၏ကိစ္စအပေါ် စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ကို မာလာဝီအစိုးရက ဗုဒ္ဓဟူးနေ့နံနက်က ဖွဲ့စည်းလိုက်ကြောင်းဖြင့် ဆင်ဟွာသတင်းအရ သိရှိရသည်။

ကြိုးပမ်းမည်

ပြန်ပေးဆွဲခံရမှုပြဿနာကို မိမိတို့စုံစမ်းစစ်ဆေးနေပြီး ပြန်ပေးဆွဲခံရသူ စိတ်ချလက်ချ လွတ်မြောက်စေရန် မိမိတို့ တတ်နိုင်သမျှ ဆောင်ရွက်ကြိုးပမ်းမည်ဟု ပြန်ကြားရေးဝန်ကြီးနှင့် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်ရှားကာလီယာတီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မည်သူမည်ဝါမှန်း မသိရသော ဆက်သွယ်ရေးဌာနမှ အင်ဂျင်နီယာနှင့်တကွ ၎င်း၏ လုပ်ဖော်ကိုင်ဖက် မာဒါဂတ်စကာနိုင်ငံသားတို့ မည်သို့မည်ပုံ ပြန်ပေးဆွဲခံရပုံ အသေးစိတ်ဖြစ်ရပ်ကို မိမိတို့အစိုးရအဖွဲ့က မရရှိခဲ့ဟု ကာလီယာတီက ပြောကြားသည်။

အစီအစဉ်မရှိ

မာလာဝီနိုင်ငံသည် အီရတ်နှင့် တရားဝင် သံတမန်ဆက်ဆံမှု မရှိသည်သာမက ကျွမ်းကျင်သူအချင်းချင်း ဖလှယ်မှုအစီအစဉ်လည်း တရားဝင်ပြုလုပ်ထားခြင်းမရှိခဲ့ဟု ၎င်းက ပြောကြားသည်။

ပြန်ပေးဆွဲခံခဲ့ရသူနှစ်ဦး၏ မော်တော်ယာဉ်တန်း အဘူဂါရိပ်ဒေသတွင် အတိုက်ခိုက်ခံခဲ့ရပြီး ၎င်းတို့ ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

မာလာဝီအစိုးရက အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရှင်များကို အီရတ်သို့ အလုပ်လုပ်ရန် စေလွှတ်ခြင်းမပြုပေ။ သို့ရာတွင် ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးမှ အင်ဂျင်နီယာများသည် အီရတ်နိုင်ငံတွင် ဝင်ငွေမြိုးမြိုးမြက်မြက် ရရှိနိုင်ရန်အတွက် သွားရောက် အလုပ်လုပ်ကိုင်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ဗုံးပေါက်ကွဲ အမေရိကန်လုံခြုံရေး ကန်ထရိုက်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ တောင်ပိုင်းဒေသ ဘာဆာရာမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန် လုံခြုံရေးကန်ထရိုက် အလုပ်သမားနှစ်ဦး သေဆုံးခဲ့ပြီး နောက်ထပ်တစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်သံရုံးက ပြောကြားသည်။

သေဆုံးသူများသည် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သည်ဟု အမေရိကန်သံရုံးက ပြောကြားပြီး အမေရိကန်များသည် အီရတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားမည့်သူများဖြစ်သည်ဟု ဘာဆာရာရှိ အီရတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အပေါင်းပါ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိလာခဲ့ပြီး ယင်းဒေသ၏ အသွားအလာကို ပိတ်ဆို့ခဲ့ကာ ဒဏ်ရာရရှိသူများကို အနီးအပါးရှိ အပေါင်းပါတပ်ဖွဲ့ဆေးရုံသို့ တင်ပို့ခဲ့သည်ဟု သံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အခင်းဖြစ်ပွားသည့် ဘာဆာရာမြို့ အယ်လ်-တာရစ်ခရိုင်တွင် မော်တော်ယာဉ်နှစ်စီးကို မြင်တွေ့ခဲ့ကြောင်း၊ တစ်စီးမှာ ဆိုးဆိုးရွားရွားပျက်စီးနေကြောင်း ရိုက်တာသတင်းဌာနမှ ဓာတ်ပုံဆရာတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ဂျီးရီးယားအကျဉ်းသား ၃၇၂ဦးကို ထိုင်းနိုင်ငံက လွှတ်ပေး

လာဂို့စ် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံအစိုးရသည် နိုင်ဂျီးရီးယားအကျဉ်းသမား ၃၇၂ ဦးကို လွှတ်ပေးခဲ့သည်။ ထိုအကျဉ်းသမားများတွင် ပြစ်ဒဏ်ချခံခဲ့ရသူ နှစ်အနည်းသမားများပါဝင်သကဲ့သို့ နှစ်ကြီးသမားများလည်း ပါဝင်သည်ဟု အရှေ့တောင်အာရှနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ပရီချာလာအိုဟာပွန်ချာနာက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ အိုလူဆီဂန်အိုတာဆန်ဂျို၏ မေတ္တာရပ်ခံချက်ကို အခြေခံ၍ အဆိုပါ အကျဉ်းသမားများကို လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုအကျဉ်းသားများကို နိုင်ဂျီးရီးယားနိုင်ငံတွင် ၎င်းတို့၏ ပြစ်ဒဏ်များကို ဆက်လက်ကျခံစေမည်ဖြစ်သည်ဟု အဆိုပါ ဒုတိယဝန်ကြီး၏ ပြောကြားချက်ကို နိုင်ဂျီးရီးယားသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။ လာအိုဟာပွန်ချာနာသည် ထိုင်းနိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ်၃၁ ဦးကို ဦးဆောင်၍ နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့သို့ လာရောက်လည်ပတ်ခဲ့သည်။ ၎င်းသည် နိုင်ဂျီးရီးယားနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး မာလမ်အဒါမူဘီလ်လိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC)and Chief of Naval Staff Admiral Arun Prakash (PVSM, AVSM, VrC, VSM, ADC)**နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။**

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့်ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ ဧရာဝတီရေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးဖေ၊ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်–ဌာနချုပ်မှူးဗိုလ်မှူးကြီးတင်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

ရှေးဦးစွာ လေဆိပ်ဧည့်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဧည့်သည်တော် အိန္ဒိယ ရေတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဇနီး ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီးတို့ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Naval Staff Admiral Arun Prakash (PVSM, AVSM. VrC, VSM, ADC)**နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

✧ **စာမျက်နှာ ၃မှ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ရည်မှန်းချက် လုပ်ငန်းတာဝန်များမှာ (၁) နိုင်ငံတော်က ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံတော်ရည်မှန်းချက် တာဝန်များ အောင်မြင်ရေးကို Media နည်းဖြင့်ဆောင်ရွက်ပေးရန်၊ (၂) နယ်စပ်ဒေသကျေးရွာများပါမကျန် Media Cover ပေးရန်၊(၃) မိမိတို့ Mediaသည်ပြည်တွင်းသာမက ပြည်ပကိုပါထိုးဖောက်ဆောင်ရွက်ရန်၊ (၄) သွက်လက်ထက်မြက်၍ အရည်အသွေးပြည့်ဝသော Mediaဖြစ်ရန်၊ (၅) နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်၊ (၆) ဝင်ငွေတိုးတက် ရှာဖွေရန်နှင့် (၇) ခြိုးခြံချွေတာရန်တို့ဖြစ်ကြောင်း။

မိမိတို့ ဌာနအကြီးအကဲ များနှင့် ဝန်ထမ်းများသည် ယင်းရည်ရွယ်ချက်များနှင့်ချိန်ထိုးပြီး လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် ၂၀၀၆–၂၀၀၇ခုနှစ် ရည်မှန်းချက်တာဝန် (၈)ရပ်ကို ချမှတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယင်း ရည်မှန်းချက်တာဝန်များမှာ (၁)နိုင်ငံတော်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံတော်ရည်မှန်းချက် တာဝန်များ အောင်မြင်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ပေးရန်၊(၂)ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ (၃)ဒို့ကျေးရွာဂျာနယ်ကိုအသွင်သဏ္ဍာန် ရောအနှစ်သာရပါ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဖြန့်ဝေမှုစနစ် တိုးတက်အောင် ဆောင်ရွက်ရန်၊ (၄) ကျေးရွာတိုင်း သတင်းစာ တစ်စောင်နှင့် အနည်းဆုံးဂျာနယ်၊ မဂ္ဂဇင်း တစ်စောင်စီရောက်ရှိရေး ဆောင်ရွက်ရန်၊(၅) ကျေးရွာတိုင်း ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးရှိရေးစည်းရုံးဆောင်ရွက်ရန်၊ (၆) အိမ်ထောင်စုတိုင်း ရေဒီယို တစ်လုံးရှိရေးစည်းရုံးဆောင်ရွက်ရန်၊ (၇) ခရိုင်နှင့်မြို့နယ်ရုံးများမှ တာဝန်ရှိသူများသည် ကျေးရွာတိုင်းကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ရောက်အောင်သွားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် (၈)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည်သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားရန် စသည်တို့ဖြစ်ကြောင်း။

ယင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရုံးချုပ်နှင့် ပြည်နယ်နှင့်တိုင်းရုံးများ၊ ခရိုင်ရုံးများအနေဖြင့် စီမံညွှန်ကြားမှုများပေးပြီး စီမံချက်အတိုင်းလုပ်၊ မလုပ်ကို ကြပ်မတ်စစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှသာအောင်မြင်မည်ကို သတိထားဆောင်ရွက်ရန်လိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဝန်ထမ်းများ အနေဖြင့် ဝန်ကြီးဌာနကချမှတ်ထားသည့် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် အချက် ၁၄ချက်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန် ကျေပွန်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားအားထုတ်ကြရန်၊ ဆုရပြီးဝန်ထမ်းများကလည်းနောက်နှစ်များ၌ ဆက်လက်ရရှိအောင် ကြိုးစားပြီး ဆုမရသေးသောဝန်ထမ်း များကလည်း ဆုရရှိအောင်လုပ်ငန်းတာဝန်ကိုအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနအတွက် သတ်မှတ် ပေးထားသည့် ရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာရုံးချုပ်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် ဝန်ထမ်းတစ်ဦးချင်းက အောင်မြင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွား ကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြား သွားသည်။

ယင်းနောက် ထူးချွန်ဆုများကို ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စံပြခရိုင်ရုံး ပထမဆုရ သာယာဝတီခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်အေး၊ စံပြမြို့နယ်ရုံး ပထမဆုရ မြန်အောင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးထွန်းရှိန်နှင့် နိုင်ငံတော်မှ ချီးမြှင့်သည့် စီမံထူးချွန်တတိယဆင့်ရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ခိုင်တို့အား ဆုများကို အသီးသီး ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က သတင်းစာ၌ သတင်းအများဆုံး ဖော်ပြနိုင်သည့်ပြည်နယ်/တိုင်းရုံးများ ကိုယ်စား ရန်ကုန်တိုင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်အား လည်းကောင်း၊ Mediaလုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံး ဆောင်ရွက်နိုင်သည့် ခရိုင်ရုံးများနှင့်မြို့နယ်ရုံးများကိုယ်စား မြန်အောင်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးထွန်းရှိန်အား လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အများဆုံးဖွင့်လှစ်နိုင်သည့် မြို့နယ်ရုံးများနှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက် ရရှိရေးအများဆုံး စည်းရုံးဆောင်ရွက်နိုင်သည့် ဆုရမြို့နယ်ရုံးများ ကိုယ်စား လှည်းကူးမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အုန်းမြင့်အားလည်းကောင်း ဆုများကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက ငွေစာရင်းလချုပ်များ အချိန်မှန်မှန် ပေးပို့နိုင်သည့်ဆုရ ခရိုင်ရုံးများကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်)မှ ဦးစီးအရာရှိ ဦးမြသင်းနှင့် စာပေ၊ အားကစား၊ အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် သင်တန်းထူးချွန်ဆုရရှိသူများကိုယ်စား အုတ်ဖိုမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အဆင့်မြင့်ပညာထူးချွန်ဆုရ ဝန်ထမ်းသားသမီးများကိုယ်စား ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်းတက်ခွင့်ရ မဝင့်ချယ်ရီစိုးမော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မောင်ထက်လှိုင်ဝင်းတို့အား ထူးချွန်ဆုများကို လည်းကောင်း၊ ဝန်ထမ်းများ၏ဝတ်စုံအတွက်ထောက်ပံ့ငွေများကို ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ (ငွေစာရင်း) ဦးတင်ဝင်းအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား သာယာဝတီခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်းတို့သည် တက်ရောက် လာကြသည့် ဝန်ထမ်းများအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း တတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေးတွင် အသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပင်လယ်ကူး သင်္ဘောသားများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိန်နှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိန်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးမင်းအောင်က အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူသည်။

ယင်းနောက် ဘဏ္ဍာရေးမှူး ဦးစိုးတင့်က ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား တင်သွင်းပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အသင်းသားများ၏ မေးမြန်းချက်နှင့် အကြံပြုချက်များကို အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင် အဖွဲ့အသစ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက် ထားရှိမှုများကို အဖွဲ့အတွင်းရေးမှူး ဦးစိုးမင်းအောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းအလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃–၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း–၃)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း–၁၂)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

နှစ်တစ်ရာတိုင်ပြီဖြစ်သည့် ပြည်သူများ အပန်းဖြေရာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)

နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ ကျန်းမာသန်စွမ်း၍ စိတ်နှလုံးကြည်လင် အေးချမ်း လန်းဆန်းတက်ကြွနေစေရန် အစဉ်အမြဲ လိုအပ်ပါသည်။ ပြည်သူများ စိတ်လက်ပေါ့ပါး လန်းဆန်းတက်ကြွနေမှသာလျှင် မိမိအကျိုး၊ နိုင်ငံ့အကျိုးများကို စွမ်းစွမ်းတမံ ထာဝစဉ် သယ်ပိုးရွက်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်စတင်ယူခဲ့ရသည့် အချိန်ကတည်းက လက်ငင်းတာဝန်ကြီး လေးရပ် ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်း

ကျားပေါက်ကလေးနှင့် ဤသို့ ဓာတ်ပုံ တွဲရိုက်နိုင်သည်။

မြို့ရွာဒေသများတွင် ပြည်သူများအပန်းဖြေနိုင်ရန် ဥယျာဉ်ပန်းခြံများကို တိုးချဲ့တည်ဆောက်ပေးခဲ့သည်။

ယင်းသို့ တိုးချဲ့တည်ဆောက်ပေးခဲ့ရာတွင် သဘာဝကို အခြေခံသည့် ခရီးသွား အပန်းဖြေလုပ်ငန်းများအနက် ပြင်ဦးလွင် အမျိုးသားဥယျာဉ်ကို နိုင်ငံတကာအဆင့်မီ အဆင့်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုပ္ပားတောင် အမျိုးသားဥယျာဉ်၊ လောကနန္ဒာဘေးမဲ့ဥယျာဉ်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်နှင့် ရန်ကုန်မြို့ရှိ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်တို့၏ ဘက်စုံအဆင့်မြှင့်တင်ရေး လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ကန်တော်ကြီးသဘာဝဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် အချိန်ကာလတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်တစ်ရာပြည့်ပွဲတော်နှင့် ထူးထူးခြားခြား တိုက်ဆိုင်ကြုံကြိုက်လာပေသည်။ မိမိတို့ ငယ်စဉ်က မိဘများ ရုံးပိတ်ရက် အားလပ်ချိန်များတွင် မိသားစုများ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လည်ပတ် အပန်းဖြေကြကာ ပျော်ရွှင်ကြည်နူးခဲ့ကြရပုံများကို ပြန်ပြောင်းသတိရမိပါသည်။

လာမည့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ပွဲတော်တွင် မိသားစုနှင့်အတူ သွားရောက်နွှဲပျော်မည်ဟု အားခဲထားပါသည်။ အနယ်နယ် အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း ပါဝင်ဆင်နွှဲကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ထို့ကြောင့် လူကြီးလူငယ် အရွယ်မရွေး စိတ်ရွှင်လန်းအပန်းဖြေနိုင်ရေးနှင့် ဗဟုသုတ တိုးပွားစရာများကို သွားရောက် လေ့လာနိုင်ရန်အတွက် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ သမိုင်းအကျဉ်းကို ရှာဖွေတင်ပြလိုက်ရပါသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၀၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၀၈ ခုနှစ်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဟု အမည်ခေါ်တွင်စေကာ တိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

ယခင်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ အကျယ်အဝန်းမှာ ၄၂ဒသမ ဝ၂ဧက ရှိပါသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ထိုစဉ်က နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်အရ ရွေးချယ်ခန့်အပ်သောအဖွဲ့ဖြင့် တိရစ္ဆာန်ဥယျာဉ်ကို အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ခုနှစ်၌ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန လက်အောက်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း ကျားလိုဏ်ဂူ၊ ငှက်ခြံ၊ အစွယ်မဲ့ သတ္တဝါလှောင်အိမ်၊ ငှက်ကုလားအုပ်လှောင်အိမ်၊ စားသောက်ဆိုင်ကြီးများနှင့် သဘာဝသမိုင်းပြတိုက် အဆောက်အအုံတို့ကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ၁၉၇၂ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကြီးကြပ်ရေးအဖွဲ့ကို ထပ်မံပြင်ဆင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် စစ်အင်ဂျင်နီယာရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှအောင်က ဆောင်ရွက်ကာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ၊ ရန်ကုန်မြို့ မြူနီစီပါယ် အဖွဲ့မင်းကြီးနှင့် မြေတိုင်းဦးစီးဌာနမှ ဦးစီးမှူးတို့က အဖွဲ့ဝင်များအဖြစ်ပါဝင်ပြီး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၇၈ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပြီး ဥက္ကဋ္ဌအဖြစ် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း

ဝါးပင်များအကြားမှ ပန်ဒါနီဝက်ဝံကလေး။

ဦးဆောင်ညွှန်ကြားရေးမှူးက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

၁၉၈၀ပြည့်နှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစပြီး တိရစ္ဆာန်မွေးမြူရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးကလည်းကောင်း၊ ၁၉၈၀ပြည့်နှစ် ဩဂုတ်လ ၂၈ရက်နေ့တွင် ပြည်သူ့လုပ်အားနေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဥက္ကဋ္ဌတာဝန်များကို အသီးသီး ထမ်းဆောင်ခဲ့ကြသည်။ ၁၉၈၅–၈၆ခုနှစ်တွင်

ကမ္ဘာပေါ်တွင် ရှားပါးသော တိရစ္ဆာန်စာရင်းဝင် တောင်ဆိတ်နီ။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် ကော်မတီတစ်ရပ်ကို ထပ်မံဖွဲ့စည်းခဲ့သည်။ ထို့နောက် တိရစ္ဆာန်ဥယျာဉ်စီမံကိန်းလုပ်ငန်းဌာနကို ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့မှ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

ယနေ့တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ဥယျာဉ်ပန်းခြံများကို တိုးချဲ့မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်အနက် ၂၀၀၃ခုနှစ် ဧပြီလ ၁ရက်နေ့မှစ၍ ကန်တော်ကြီး ဘက်စုံအဆင့်မြှင့်တင်ရေး လုပ်ငန်းနှင့်အတူ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကိုပါ စတင်ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးတို့၏ ညွှန်ကြားမှုဖြင့် အဖွဲ့များဖွဲ့စည်း၍ ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများကို ရယူကာ အဆင့်မြှင့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။

ယနေ့ကာလတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် ၅၈ ဒသမ ၂၅ဧက ကျယ်ဝန်းလာပြီဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ဆင်၊ ကျား၊ ဝက်ဝံ၊ ကြွ၊ မျောက်၊ သားမင်၊ တောင်ဆိတ် စသည့် နို့တိုက်သတ္တဝါ ၆၁ မျိုး၊ မိကျောင်း၊လိပ်၊မြွေဖွတ် စသည့် တွားသွားသတ္တဝါ ၁၆မျိုး၊ ငှက်မျိုးပေါင်း ၇၀ ကျော်နှင့် ရက္ခဗေဒဥယျာဉ်ကြီးသဖွယ် သစ်ပင်အမျိုးပေါင်းတစ်ရာကျော်ကို စိတ်ဝင်စားဖွယ်၊ဗဟုသုတဖြစ်ဖွယ် တိုးတက်ပြသထားသည်။ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် လေ့လာနိုင်ရန် နေ့စဉ်နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပြသလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း ဘက်စုံအဆင့်မြှင့် ဆောင်ရွက်မှုများအဖြစ် ဥယျာဉ်အတွင်းရှိ ဇုန်များအလိုက် ရေပေးဝေမှုစနစ်များ စနစ်တကျ ဆောင်ရွက်ထားခြင်း၊ ပန်းအလှများဝေဝေဆာဆာ စိုက်ပျိုးထားခြင်း၊ အဆောက်အအုံများ အဆင့်မြှင့်ပြုပြင်မွမ်းမံထားခြင်း၊ လမ်းများ ပြန်လည်ပြင်ဆင်ထားခြင်းနှင့် သဘာဝသမိုင်းပြတိုက်အား အဆင့်မြှင့်ပြန်လည်မွမ်းမံခြင်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို တည်ဆောက်ဖွင့်လှစ်ပေးထားရခြင်း၏ ရည်ရွယ်ချက်သည် ပြည်သူများ အပန်းဖြေအနားယူရန်၊ လာရောက်လည်ပတ်သူများ ရက္ခဗေဒ၊ သတ္တဗေဒဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ ဗဟုသုတရရှိစေရန်၊ သဘာဝထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ ကျောင်းသူ၊ကျောင်းသားများနှင့် သုတေသီများအတွက် သုတေသနဆိုင်ရာလုပ်ငန်းများကို အထောက်အကူပြုစေရန်နှင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် တို့အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ထို့အပြင် တိရစ္ဆာန်များကို ကမ္ဘာအရပ်ရပ်မှ တိရစ္ဆာန်ပိုင်းဆိုင်ရာ ပညာရှင်များနှင့် ရက္ခဗေဒပညာရှင်များ လာရောက်၍ သုတေသနပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ နိုင်ငံရပ်ခြားမှ တိရစ္ဆာန်ဥယျာဉ်များရှိ တိရစ္ဆာန်များနှင့်ဖလှယ်ခြင်း၊ သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ မလေးရှား၊ စင်ကာပူ၊

တက္ကသိုလ်တင်လကျာ

ဝက်ဝံလိမ္မာလေးနှင့်အတူ။

နီပေါ၊ ဂျာမနီနှင့် ချက်သမ္မတနိုင်ငံတို့အပြင် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်တစ်ရာပြည့်ပွဲတော်နှင့် ကြုံကြိုက်နေသည့် ယနေ့ကာလတွင် အများပြည်သူ ရုံးပိတ်ရက်များ၌ တိရစ္ဆာန်အလိမ္မာပြပွဲများကို ပြသပေးလျက်ရှိပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း ဆင်စီး၍ လှည့်လည်ကြည့်ရှုခြင်း၊ မြင်းပုငယ်များဖြင့် အပျော်စီး၍ လိုက်လံကြည့်ရှုနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ထားသည့်အပြင် လာရောက်အပန်းဖြေကြသည့် ဧည့်သည်များအတွက် စားသောက်ဆိုင်များလည်း ဖွင့်လှစ်ပေးထားရာ မိသားစုများ စိတ်လက်ကြည်သာ အပန်းဖြေအနားယူရင်း ဗဟုသုတဖြစ်ဖွယ်များကို သွားရောက်ကြည့်ရှုကြမည်ဟု မျှော်လင့်ပါသည်။

လာမည့် ဇန်နဝါရီလ ၂၅ရက်နေ့မှ ၂၉ရက်နေ့အထိ ကျင်းပမည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်တစ်ရာပြည့် ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများနှင့် အထူးအစီအစဉ်များဖြင့် ပြသဖျော်ဖြေမည်ဖြစ်ရာ မိသားစုအလိုက် တပျော်တပါး လာရောက်ဆင်နွှဲသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကတ်ဆိုဝါရီ ငှက်ကုလားအုတ်များ။

▲ တွံတေးမြို့နယ်မှ

တွံတေးမြို့နယ် ရခိုင်ချောင်တံတားသည် တပ်မတော်အစိုးရလက်ထက် ရန်ကုန်တိုင်းအတွင်း ၂၅စင်းမြောက် ဖွင့်လှစ်သည့် ပေ ၁၈၀အထက် တံတားကြီး ဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ ကွမ်းခြံကုန်းနှင့် လက်ခုပ်ကုန်းသို့ ဆက်သွယ်ထားသည့် လမ်းမကြီးနှစ်ခုပေါ်ရှိ သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများဖြင့် အစားထိုးတည်ဆောက်ပေးလျက်ရှိကြောင်း၊ ရခိုင်ချောင်တံတား တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒလမြို့နယ်မှတစ်ဆင့် သခွတ်၊ ဝါးဘလောက်သောက် ကျေးရွာများကိုဖြတ်၍ ကော့မှူးမြို့နယ်သို့လည်းကောင်း၊ ဒလမြို့နယ်မှ ရခိုင်ချောင်တံတား၊ သခွတ်တံတားတို့ကိုဖြတ်၍ သခွတ်၊ ဝါးဘလောက်သောက်၊ ဘို့ဒင်နှင့် တော်ကူးကျေးရွာများမှတစ်ဆင့် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဒလ–သခွတ်–လက်ခုပ်ကုန်းနှင့် ဒလ–ကံဘဲ့–ကော့မှူး–ကွမ်းခြံကုန်း–ဒေးဒရဲလမ်းများကို ပတ်လည်ဆက်သွယ်နိုင်ပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပြီး ဒေသ၏ ကုန်စည်စီးဆင်းမှုမှာလည်း ပိုမိုလျင်မြန် သွက်လက်လာတော့မှာ ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏ လူနေမှုဘဝမှာလည်း ပိုမိုမြင့်မားလာတော့မှာဖြစ်ကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ကိုလည်း ပိုမိုအောင်မြင်စေမှာဖြစ်ကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း အသုံးပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြသောင်းက တံတားတည်ဆောက်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တံတားဖွင့်ပွဲအခမ်းအနားကို အဆိုပါ တံတားထိပ်မုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက ရခိုင်ချောင်တံတားကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် တံတားကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ရခိုင်ချောင်တံတားသည် အရှည်ပေ ၂၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ စုစုပေါင်း အကျယ်ပေ ၃၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၀ပေ၊ အကျယ်ပေ ၅၀ ရှိသည်။ မော်တော်ယာဉ်(HS 20-44) ၃၆တန်နှင့် နှစ်လမ်းသွား၊ ယာဉ်တစ်စီးချင်းတန် ၆၀ ခံနိုင်ဝန်ရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ရခိုင်ချောင်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၃)က ၂၀၀၄ခုနှစ် မတ် ၁ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် စီမံကိန်းအားလုံး ပြီးစီးခဲ့သည်။

၁၉၈၈ ခုနှစ် မတိုင်မီက ရန်ကုန်တိုင်းအတွင်း ပေ ၁၈၀ အထက် တံတားကြီး ခုနစ်စင်းသာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့အထိ ပေ ၁၈၀အထက် တံတားကြီး ၂၅စင်း တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်တိုက်နယ် သံဃာဆေးကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ သံဃာဆေးကုသဆောင်ရှေ့၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အလှူရှင် ဒေါ်တင်အေးတို့က ဆေးကုသဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဆေးကုသဆောင် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းနိုင်သမျှနည်းစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့် တိုင်းအတွင်းရှိ မြို့နယ်ရပ်ကွက်ကျေးရွာများ၌ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံများ တိုးချဲ့တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင် ပါဝင်သည့် ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေး ပိုမိုမြင့်မားရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဝါးဘလောက်သောက်ကျေးရွာ၌ ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ တည်ရှိနေပြီးဖြစ်သည့်အပြင် ယခုအခါ အလျား ၂၄ပေ၊ အနံ ၁၂ပေရှိ တစ်ထပ်အုတ်ညှပ် သံဃာဆေးကုသဆောင် တစ်ဆောင် ထပ်မံဆောက်လုပ် ဖွင့်လှစ်နိုင်ပြီးဖြစ်ရာ ဒေသခံပြည်သူများအတွက်သာမက သံဃာတော်များအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သံဃာဆေးကုသဆောင်ဆောက်လုပ်နိုင်ရန်အတွက် ကမကထပြု၍ ပံ့ပိုးလှူဒါန်းခဲ့သည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သံဃာဆေးကုသဆောင် အလှူရှင် ဒေါ်တင်အေးနှင့် စေတနာရှင် အလှူရှင်များ၊ဒေသခံပြည်သူများအားဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆေးကုသဆောင် အလှူရှင်ဒေါ်တင်အေးက သံဃာဆေးကုသဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးကုသဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ သံဃာဆေးကုသဆောင် ဆေးပဒေသာပင်အတွက် ဒေါ်တင်အေးမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းရီ၊ ဒေါ်စိန်နု မိသားစုနှင့် ဦးကျင်တင်–ဒေါ်စန်းမြင့် မိသားစုတို့က ငွေကျပ်ငါးသောင်းစီအပါအဝင် အလှူရှင်များက ငွေကျပ် ၃၅၉၇၂၀၀ ကို တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်းထံ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် သံဃာဆေးကုသဆောင် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ဝါးဘလောက်သောက်တိုက်နယ် ၁၆ ခုတင်ဆံ့ ဆေးရုံရှိ လူနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်မော်မော်အောင်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ဝါးဘလောက်သောက်ကျေးရွာ သာသနာ့ပဇ္ဇောတာရုံ ခါတော်မှီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပါရာဉာဏအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ်၊ ထမ္မနိုင်ကျေးရွာ ရွှေကျောင်းတိုက်သို့ရောက်ရှိပြီး ကော့မှူး တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣသရိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် အဆိုပါ ကျောင်းတိုက်ဝင်းအတွင်း၌ ထမ္မနိုင်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ချမှတ်ကာ ကျေးလက်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ထမ္မနိုင်ကျေးရွာဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ထမ္မနိုင်ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထမ္မနိုင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ထမ္မနိုင်ကျေးရွာရှိ ရွှေမြင်တင်စေတီတော်သို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကာ စေတီတော်ဝင်းအတွင်း လှည့်လည်ကြည့်ညိုသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ထမ္မနိုင်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူမျိုးကိုင်း ၂၀၀ စုဆောင်းပျိုးထောင်ထားရှိမှုနှင့် ကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာပေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ ပဲစံပြစိုက်ခင်းဧက ၂၀၀ အတွင်း ပဲတီစိမ်းဧက ၁၀၀ နှင့် မတ်ပဲဧက ၅၀ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ အရွက်ဖျန်းမြေဩဇာအရည်နှင့် ပိုးသတ်ဆေးများ ပြသထားမှုတို့ကို ကြည့်ရှုပြီး စိုက်ဧကတိုးချဲ့ရန်နှင့် စိုက်ပြီးဧကတိုင်းအထွက်နှုန်းကောင်းအောင် ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သော ယမန်နေ့ (စနေနေ့)နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်များကိုလည်း ကြည့်ရှုလေ့လာကြသည်။ ထို့အတူ ယနေ့(တနင်္ဂနွေနေ့)တွင် ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၇ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ရေချမ်းများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဖူးမြော်ကြည်ညိုကန်တော့ကြသည်။

ထို့နောက် အာရုံခံတန်ဆောင်း၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဖြစ်ထွန်းလာမှု နောက်ခံသမိုင်းနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စုပေါင်းလှူဒါန်း ငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မင်းဓမ္မကုန်းတော်ရှိ မဟာအတုလပတ္တနီလာ သပိတ်တော်ကြီးကို ကြည့်ရှုလေ့လာကြရာ သပိတ်တော်ကြီးအကြောင်း သိကောင်းစရာများကို သပိတ်တော်ကြီး အလှူရှင် ဦးအောင်ဇေယျက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မင်းဓမ္မလမ်းရှိ ရတနာဆင်ဖြူတော်များကို သွားရောက်ကြည့်ရှုလေ့လာကြရာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့မှ ဒေါက်တာခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဒေါက်တာခင်မောင်ဝင်းက ရာဇဂဟသီရိပစ္စယ ဂဇရာဇာရတနာဆင်ဖြူတော်၊ သီဂိမာလာရတနာဆင်ဖြူတော်နှင့် ရတီမာလာ ရတနာဆင်ဖြူတော်တို့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရတနာဆင်ဖြူတော်များ အစားအစာအတွက် စုပေါင်း အလှူငွေ ၂၇၀၃၅ ကျပ်ကို ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းကြပြီး ရတနာဆင်ဖြူတော်များအား အစာကျွေးကြကာ ညောင်နှစ်ပင်စခန်းသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် အနော်ရထာလမ်းရှိ ဦးနော အောက်မေ့ဖွယ်ရာ မြန်မာနှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိကြရာ သင်းအုပ်ဆရာကြီး ဦးတိုးတိုးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်အရ ဝတ်ပြုကိုးကွယ် ဆုတောင်းကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ မဟာအတုလပတ္တနီလာ သပိတ်တော်ကြီးကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)



မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ယာကြီး ရေထိန်းတမံဖွင့်ပွဲ အခမ်းအနား တွင် အမှာစကားပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

*** ကျောဖုံးမှ**

အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲတွင် အဆိုပါ ရေထိန်းတမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရေထိန်းတမံဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ညောင်ဦးခရိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၀၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာ၌ ရေအလွန်လိုအပ်သော အညာဒေသ၌ ရေထိန်းတမံတစ်ခု ထပ်မံပေါ်ပေါက်လာသည့်အတွက် စိုက်ပျိုးရေးသာမက ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည့် အခြေခံကောင်းတစ်ခုကို နိုင်ငံတော်က အမွေပေးသည့် နေ့တစ်နေ့အဖြစ် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ကျေနပ်အားရပီတိဖြစ်ရပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ယာကြီးရေထိန်းတမံသည် နိုင်ငံတော်က အကောင်အထည်ဖော် တည်ဆောက်ပေးသည့် ၁၈၂ ခုမြောက် တမံဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရပ်ဝန်းတစ်ခုဖြစ်သည့် ဒေသများ၌ ဆည်၊ ကန်၊ တမံများဖြင့် အစဉ်စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူတို့အတွက် အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ဆောင်သွားနိုင်ရေးနှင့် ဒေသအတွင်း သောက်သုံးရေဖူလုံစွာရရှိရေးတို့ကို ရှေးရှုပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေအကုန်အကျများစွာဖြင့် လမ်းညွှန်ဆောင်ရွက်ပေးမှုများကြောင့် သီးနှံစိုက်ဧရိယာများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခဲ့ကြောင်း၊ ယခုအချိန်တွင် မန္တလေးတိုင်းအတွင်း၌ မြေဧရိယာ စုစုပေါင်းဧက ၈၇၅၀၀၀ ခန့်ကို ဆည်ရေဖြင့် အကျိုးပြုနိုင်တော့မှာဖြစ်ကြောင်း။

မန္တလေးတိုင်းအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေတိုးပွားမှုကို အထောက်အကူပြုမည့် စပါးပိုမိုထွက်ရှိရေးအတွက် ၂၀၀၄-၂၀၀၅ ခုနှစ်မှစပြီး သုံးနှစ်အတွင်း မိုးစပါးကို ဧက ၁၀ သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ယာကြီး ရေထိန်းတမံအပါအဝင် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်းမှ ကြက်မောက်တောင်ဆည်ကို ရေကူ ဖြည့်တင်းပေးမှာ ဖြစ်သည့်အတွက် မူလက မိုးစပါးဧက ၅၈၀၀ ခန့်စိုက်ပျိုးနိုင်ရာမှ ဧက ၂၂၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ ရေလှောင်တမံများ၊ ရေထိန်းတမံများ၊ ရေကူကန်များနှင့် ရေလွှဲဆည်များကို နယ်မြေဒေသ၏ ပကတိအခြေအနေနှင့်အညီ နိုင်ငံတော်က စစ်မှန်သည့် စေတနာဖြင့် ဆောင်ရွက်ပေးမှုများကြောင့် အခြေခံဖြစ်သည့် စားဝတ်နေရေးသာမက လူမှုဘဝကိုပါ တိုးတက်ပြောင်းလဲမှုများရရှိလာကြောင်း၊ နိုင်ငံတော်၏ စေတနာနှင့် ဆောင်ရွက်ပေးမှုများကို နားလည်သဘောပေါက်တုံ့ပြန်သောအားဖြင့် မိမိပတ်ဝန်းကျင်မှာရှိနေသည့် ရေလှောင်၊ ရေထိန်းတမံများ၊ ရေလွှဲဆည်များ၊ ရေသွယ်၊ ရေပေးမြောင်းများနှင့် ဆက်စပ်ရေအားအဆောက်အအုံများကို အရှည်တည်တံ့ခိုင်မြဲနေအောင် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ဆည်ရေကို စနစ်တကျရယူပြီး ရေမြေသဘာဝနှင့် ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်၊ ရေဝေရေလဲ ဧရိယာအတွင်းရှိ သစ်ပင်သစ်တောများကို ကာကွယ်စောင့်ရှောက်ကြရန်၊ ဆည်မြောင်းလုပ်ငန်းဆိုင်ရာ သတ်မှတ်ထားသည့် တာတမံနှင့် တူးမြောင်းဥပဒေများကို တိတိကျကျလိုက်နာ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယာကြီးရေထိန်းတမံသည် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်းအတွက် တည်ဆောက်ပေးခဲ့သည့် ရေထိန်းတမံအစုအဖွဲ့ ငါးခုထဲက အဓိကကျသည့် ရေထိန်းတမံတစ်ခုဖြစ်ကြောင်း၊ ၁၃ ဒသမ ၅ မိုင် ရှည်သည့် တောင်ရေ၊ ကျောက်တံခါး ဆက်သွယ်ရေးတူးမြောင်းနှင့် ကျန်ရေထိန်းတမံများဖြစ်သည့် ပန်းဆွဲ၊ ညောင်ငုတ်တို၊ ဦးကဝိ၊ ဘဲကန် ရေထိန်းတမံများနှင့်အတူ ဒေသခံတောင်သူလယ်သမားကြီးနှင့် နယ်မြေလူထု၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မားတိုးတက်လာစေရန် အထောက်အကူပြုနေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်ထပ်တူ ဝမ်းသာပီတိဖြစ်မိပါကြောင်း။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးသည်လည်း အဓိကကျသည့် အချက်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဆည်၊ တမံလုပ်ငန်းပေါင်း ၁၈၂ခု တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကျိုးပြုဧက ၂ ဒသမ ၄၅ သန်း တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်မှုပမာဏသည် တစ်နိုင်ငံလုံး၌ သီးနှံအသားတင်စိုက်ဧရိယာ ဧက ၂၈သန်းကျော်၏ ၁၉ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍတွင် အဓိကကျသည့်သီးနှံ ၁၀မျိုးကို ပန်းတိုင် အထွက်နှုန်းများသတ်မှတ်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်

လယ် ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ် ယာကြီး ရေထိန်းတမံ ဖွင့်ပွဲ အခမ်းအနား တွင် အမှာစကား ပြောကြားစဉ်။

(လယ်ယာ/ဆည်မြောင်း)

ရော်ဘာတိုးချဲ့စိုက်ပျိုးရေး၊ အမယ်သစ်သီးနှံများဖြစ်သည့် ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်၊ ကြက်သွန်၊ ချင်း(ဂျင်း) သီးနှံများစိုက်ပျိုးပြီး ပြည်ပတင်ပို့ရောင်း ချနိုင်ရေးကိုလည်း အားပေးဆောင်ရွက်နေကြောင်း၊ ကမ္ဘာတွင် ရေပန်းစားနေသည့်ဇီဝဒီဇယ် ထုတ်လုပ်နိုင်သော ခြံစည်းရိုးကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး မြေကောင်း၊ မြေညံ့ မရွေးပေါက်ရောက်နိုင်သည့် သဘာဝကပေးသော သီးနှံဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်က ရသည့် အသီးများကို တောင်သူများကိုယ်တိုင် အလွယ်တကူဆီကြိတ်နိုင်ပြီး ဒီဇယ်အင်ဂျင်ထဲတွင် တိုက်ရိုက်ထည့်သွင်းမောင်းနှင်နိုင်သည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊

တောင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူဆီဖြင့် လယ်ယာသုံးစက်ကိရိယာများကို မောင်းနှင်နိုင်ပြီး စက်မှုစွမ်းအားဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မှု တိုးတက်မြင့်မားစေမှာဖြစ်ကြောင်း၊ ထို့အပြင် ရေစုပ်စက်၊ မီးစက် စသည့် စက်များ၌ ထည့်သွင်းသုံးစွဲနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်သလို လူနေမှုအဆင့်များကိုလည်း တိုးတက်စေမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးဇော်ဝင်းမောင်က ယာကြီးရေထိန်းတမံ အပါအဝင် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်းကို တည်ဆောက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ပန်းတောင်းမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများ၏ ပြည်မြန်မာတေးသီချင်းနှင့်အကတို့ဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ယာကြီးရေထိန်းတမံ မော်ကွန်းကမ္ဗည်းကျောက်စာတိုင် ရှေ့၌နေရာယူ၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ယာကြီးရေထိန်းတမံ မော်ကွန်းကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မော်ကွန်းကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ယာကြီးရေထိန်းတမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲ အခမ်းအနားမှခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပင်မရေထိန်းတမံနှင့် ရေသိုလှောင်ရရှိမှုတို့ကိုလည်းကောင်း၊ ရေပေးရေတံခါးနှင့် ရေပိုလွှဲ တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသည့် ပြည်သူလူထုအား ရင်းနှီးစွာနှုတ်ဆက်၍ ဘိုင်အိုဒီဇယ် ထုတ်ယူနိုင်သော ခြံစည်းရိုးကြက်ဆူရိုင်းပင်များစိုက်ပျိုးရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား ကြက်မောက်တောင်ဆည် ရေကူစီမံကိန်း၏ ကျောက်တံခါး ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ကျောက်တံခါးနှင့် တောင်ရေ ရေလှောင်တမံနှစ်ခုကြား ၁၃ဒသမ၂၅မိုင် ရှည်သည့် ဆက်သွယ်ရေးတူးမြောင်းပေါ်တွင် ရေထိန်းတမံငါးခု တည်ဆောက်၍ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁ရက်တွင် စတင်၍ ယခုအထိ ရေဧကပေ ၁၃၉၀၀ကျော် ဖြည့်ပေးနိုင်မှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆည်ရေစနစ်တကျ အသုံးပြုရေး၊ ဒေသဆည်ငယ်၊ ကန်ငယ်များထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားသည်။

မြေသားတမံ

ယာကြီးရေထိန်းတမံသည် ကြက်မောက်တောင်ဆည် ရေကူပေးနိုင်ရန် ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံတို့ကို ဆက်သွယ်ထားသည့် တူးမြောင်းပေါ်၌ရှိသော ရေထိန်းတမံတစ်ခုဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ် ကူနီကျေးရွာအနီး၌ ရေဆင်းဧရိယာ ၅ဒသမ၃ စတုရန်းမိုင်ရှိသည့် ယာကြီးချောင်းပေါ်တွင်တည်ရှိသည်။ ရေထိန်းတမံသည် မြေသားတမံအမျိုးအစားဖြစ်ကာ တမံအလျား ပေ ၂၂၈၀၊ တမံအမြင့် ၆၉ပေရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၄၀၀ရှိပြီး ဧက ၈၅၃ ကို ဆည်ရေပေးနိုင်မည်ဖြစ်သည်။

ဆက်သွယ်မြောင်းပေါ်၌ ရေထိန်းတမံငါးခုရှိရာ တမံ အမှတ်(၁) ယာကြီးတမံ၊ တမံ အမှတ်(၂) ပန်းဆွဲတမံ၊ တမံ အမှတ်(၃) ညောင်ငုတ်တိုတမံ၊ တမံ အမှတ်(၄) ဦးကဝိတမံ၊ တမံ အမှတ်(၅) ဘဲကန်တမံတို့အနက် တမံ(၁) ယာကြီးတမံမှာ ထုထည်ပမာဏအကြီးဆုံးနှင့် အဓိကအကျဆုံး ရေထိန်းတမံဖြစ်သည်။

ကြက်မောက်တောင်ဆည်၏ ရေဝင်မှုအခြေအနေအရ သတ်မှတ်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၃၀၀၀ပြည့်မီမှုမရှိဘဲ နှစ်စဉ်ပျမ်းမျှ ဧကပေ ၃၆၉၀၀ခန့်သာ သိုလှောင်နိုင်ခဲ့၍ ရေပိုမိုစီးဝင်ရန် ဆည်မြောင်းဦးစီးဌာနမှ မကွေးတိုင်း နတ်မောက်မြို့နယ်ရှိ ကျောက်တံခါးရေလှောင်တမံနှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်ရေ ရေလှောင်တမံတို့ကို ဆက်သွယ်တူးမြောင်းဖောက်လုပ် ဆက်သွယ်ကာ ကြက်မောက်တောင်ဆည်ရေဝင်သည့် ကျောက်ပုံချောင်းသို့ ရေချပေးနိုင်သဖြင့် ရေဝင်ပမာဏပိုမိုရရှိခဲ့ကြောင်း၊ ယနေ့အထိ ဧကပေ ၁၀၀၀၀ကျော် စီးဝင်ခဲ့ပြီး ထပ်မံ၍ ဧကပေ ၁၀၀၀၀ကျော် ပိုမိုလွှတ်ပေးနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၈ရက်မှ လပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၅ရက်မှ ၁၃ရက်) အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ တပို့တွဲလဆန်း ၈ရက် နံနက် ၈ နာရီတွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာ ကို ဆင်ယင်ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီမှ တပို့တွဲလဆန်း ၁၁ရက်အထိ နာရီ ၈၀ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

တပို့တွဲလပြည့်နေ့ နံနက်အရုဏ်တက်တွင် ဂေါပကအဖွဲ့၊ မြို့ပေါ် ၁၇ ရပ်ကွက်၊ ကျေးရွာလေးရွာနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးတင်လှူပွဲကို မြန်မာ့ရိုးရာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပမည်ဖြစ်ပြီး ဂေါပကဝတ်အဖွဲ့နှင့် ကျေးရွာ၊ ရပ်ကွက်ဝတ်အဖွဲ့များကလည်း ဝတ်ရွတ်စဉ်များကို ညစဉ်ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ပုဂံညောင်ဦးမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားများစာရင်း၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများ စာရင်းကို ဦးဘစော (နာယက)၊ ဖုန်း-၂၀၁၄၆၈၊ ဦးသိန်းအောင် (ဥက္ကဋ္ဌ) ဖုန်း-၅၇၇၇၀၂၊ ဦးသောင်းညွှန့် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၃၂၃၆၉ တို့ထံ အမှတ်စာရင်းနှင့်တကွ ပေးပို့ပါရန်နှင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၆ ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ရက် မှ ၃၀ရက်အထိ နေ့စဉ် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှူငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး၅ရက်တွင် တတိယနေရာပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကာ ၆ရက် ညနေ ၃နာရီတွင် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်အငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့၌ လေ့လာရေးခရီးရောက်ရှိနေသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၇) သင်တန်းသား၊ သင်တန်းသူများအား ယမန်နေ့ ညနေ ၆နာရီခွဲတွင် အဆိုပါ သင်တန်းသား၊ သင်တန်းသူများ တည်းခိုရာ ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် အငြိမ့်အဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်သည်။

တက်ရောက်

အဆိုပါဖျော်ဖြေပွဲသို့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၇) သင်တန်းသား၊ သင်တန်းသူများ လေ့လာရေး ခရီးစဉ် စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ပြည်ထောင်စုတိုင်းရင်း သား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းနှင့် ဆရာ၊ ဆရာမများ၊ လေ့လာရေးခရီး စဉ် ကြိုဆိုနေရာချထားရေးလုပ်ငန်း အဖွဲ့ဝင်များ၊ စစ်ဒေသမှူးများ၊ ရန်ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး၊ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေး စခန်းတပ်မှူး၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ လေ့လာရေး သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ လေ့လာရေးခရီးစဉ် စီမံ ခန့်ခွဲရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များ သည် ရန်ကုန်တိုင်း စစ်ဌာနချုပ် အငြိမ့်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းထံသို့ လေ့လာရေး သင်တန်းသား၊ သင်တန်းသူ ၂၈၆ဦး အတွက် ထောက်ပံ့ငွေကျပ် ၂၈၆၀၀၀ ကိုလည်းကောင်း၊ ဖျော်ဖြေ တင်ဆက် ခဲ့သည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် အငြိမ့်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ် ချီးမြှင့်သည်။

ထို့နောက် လေ့လာရေးသင်တန်း သား၊ သင်တန်းသူများကိုယ်စား ရှမ်း တိုင်းရင်းသူ မလဲ့ယဉ်ဝင်းနှင့် ရဝမ် တိုင်းရင်းသူ မခေါ်ဒုံသီတာတို့က ရန်ကုန်တိုင်း စစ်ဌာနချုပ် အငြိမ့်အဖွဲ့ အား အမှတ်တရ အထိမ်းအမှတ် အလံပေးအပ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း **စစ်ဌာနချုပ် တိုင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုး ရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း အမှတ်စဉ် (၃၇)မှ သင်တန်းသား၊ သင်တန်း သူများနှင့်အတူ ရန်ကုန်တိုင်း စစ်ဌာနချုပ် အငြိမ့်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှု အားပေးကြစဉ်။** (သတင်းစဉ်)

“နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကစွမ်းအားဖြစ်သော လူ့ စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေး သည့် မြန်မာ့ပညာရေးကို နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင် အောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစို့”

(ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ် (၃၇)မှ သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုလျက်)

ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ ထိရောက်မှန်ကန် မြန်ဆန်စွာ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာ နိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြန်မာ့စီးပွားရေး ဘဏ် အထွေထွေမန်နေဂျာ ဦးမောင် မောင်ဝင်းတို့ လိုက်ပါ၍ ဇန်နဝါရီ ၁၄ရက်တွင် ပဲခူးမြို့ရှိ ပဲခူးတိုင်းပင်စင် ဦးစီးဌာနသို့ ရောက်ရှိရာဌာနတာဝန်ခံ များက လုပ်ငန်းဆောင်ရွက်မှု အခြေ အနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြပြီး ဝန်ကြီး က လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ပဲခူး တိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ခံအရာရှိများက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သတ်မှတ်ထားသည့် လျာထားချက် များ ပြည့်မီကျော်လွန် စေရေးနှင့် အခွန်ထမ်းများအား မှန်ကန်မြန်ဆန် စွာ ဆောင်ရွက်ပေးရေးကို မှာကြား သည်။

ယင်းနောက် ဝန်ကြီးသည် ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲသို့ ရောက်ရှိရာ တိုင်းမန်နေဂျာနှင့် တာဝန် ရှိသူများက ဘဏ္ဍာရေးနှင့် အခွန် ဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများ တင်ပြကြပြီး ဝန်ကြီးက ဘဏ္ဍာရေး၊ ငွေရေး၊ ကြေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင်ထိရောက်ထက်မြက် မှုရှိစေရန်နှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် လှထွန်းသည် ဇန်နဝါရီ ၁၅ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ရောက်ရှိ၍ ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ နှင့် ဘဏ်အဆောက်အအုံနှင့် ဝန်းကျင် တိုးချဲ့မွမ်းမံခြင်းလုပ်ငန်းများကိုကြည့်ရှု စစ်ဆေးရာ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီး က လုပ်ငန်းပိုင်းဆိုင်ရာများကိုမှာကြား သည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)

ကမာရွတ်မြို့နယ် စာပေနှင့်စာနယ်ဇင်း အမှုဆောင်အဖွဲ့ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာ စုံညီအစည်းအဝေးနှင့် အမှုဆောင် သစ်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက အမက(၄) ကမာရွတ်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ဦးစည်သူနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့က အမှာ စကားပြောကြားကြသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးလှသွင်(ကိုကိုလှ-ကမာမြေ)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဌေး (ထီယု)၊ အတွင်းရေးမှူး ဦးကျော်မြင့် နိုင်(ကျော်မြင့်နိုင်-ဒါးပိန်)နှင့် ဘဏ္ဍာ ရေးမှူး ဒေါက်တာယဉ်မင်းဦး (ယဉ် မင်းဦး-ဆေးတက္ကသိုလ်)တို့ ပါဝင် သည့် အမှုဆောင်အဖွဲ့သစ်ကိုရွေးချယ် ကြပြီး စာပေညီလာခံ ကိုယ်စားလှယ် အဖြစ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ရွေးချယ်လိုက်သည်။ (က-ပ)

ဟော်ကီအဖွဲ့ချုပ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၏ အထူး အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက်ကကျင်းပရာ သဘာပတိအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မျိုးမြင့်က အဖွင့် အမှာစကား ပြောကြားပြီး ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မျိုးဆက် သစ် ကျောင်းသားဟော်ကီ အားကစား သမားများ မွေးထုတ်ရေး၊ ဘဏ္ဍာငွေ ရှာဖွေရေးတို့ကို ဆွေးနွေးသည်။

ဆက်လက်၍ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ဟော်ကီ အဖွဲ့ချုပ်၊ အာရှဟော်ကီ အဖွဲ့ချုပ် တို့၏ ဟော်ကီ ဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံတာဝန်ခံ ဦးကျော်နိုင်က ဖေဖော်ဝါရီ ၃ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ဖလား အမှတ်ပေးပြိုင်ပွဲ အစီအစဉ်နှင့် အဆိုပါပြိုင်ပွဲမှ လက်ရွေးစင်များ ရွေးချယ်စခန်းသွင်း၍အာရှအားကစား ပြိုင်ပွဲအတွက် လက်ရည်စစ်ဖိုနပြိုင်ပွဲ သို့ ယှဉ်ပြိုင်ရန် ပြင်ဆင်သွားမှုတို့ကို ရှင်းလင်းတင်ပြသည်။ (အဖွဲ့ချုပ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ

၈း၀၅ ၆။ အတီးပြိုင်ပွဲ

၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈း၂၀ ၈။ အဆိုပြိုင်ပွဲ

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Grammar Made Easy.

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ Practice In Reading.

၄း၄၅ ၄။ အတီးပြိုင်ပွဲ

၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)

၅း၀၅ ၆။ အကပဒေသာ

၅း၁၅ ၇။ အရေးပြိုင်ပွဲ

၅း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ

၅း၂၅ ၉။ မြန်မာစာ၊ မြန်မာစကား

၅း၃၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့ အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅း၅၀ ၁၁။ စက်မှုစွမ်းအားခေတ်ကျော်လွှား

၆း၀၀ ၁၂။ ညနေခင်းသတင်း

၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး” (အပိုင်း-၅၇)**

၆း၅၅ ၁၅။ ခြံစည်းရိုးကြက်ဆူရိုင်း အကြောင်း သိကောင်းစရာ ဆွေးနွေးခန်း

၇း၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်လေ့ကားထစ်လေးများ” (အပိုင်း-၃၂)**

၈း၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပျော်ရွှင်ဖွယ်နေ့ကလေးများ” (အပိုင်း-၃)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

မူဝါဒလမ်းစဉ် (၇)ရပ်၏ အဆင့်တိုင်း အောင်မြင်စေရန် ပြည်သူအားလုံးနှင့်အတူ အမျိုးသမီးထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းမည်

❖ ရှေ့ဖုံးမှ

အဝေရာဦးသိန်းဝင်း၊ ပုသိမ်မြို့ ဒေသခံတိုင်းရင်းသားဆရာဝန် ဒေါက်တာဝင်းသိန်း၊ "စံ"ပရိဘောဂလုပ်ငန်းပိုင်ရှင် မြို့မိမြို့ဖ ဦးစိုးမြင့်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင် အနန္တဂုဏ်ရည် သစ်စက်ပိုင်ရှင် ဦးအေးကျော်၊ ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ပုသိမ်မြို့ မြို့မဆန်စက်ပိုင်ရှင် ဦးအောင်နှင့် ပုသိမ်မြို့ မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ဦးခင်မောင်မြင့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်မေစုက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် သာပေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်မော်က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ ဟသ်ာတတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးစိုးမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသော သမိုင်းအစဉ်အလာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ် သန်း ၄၀ ခန့်ကပင် မြန်မာဦးလူများ စတင်နေထိုင်ခဲ့သည်ကို မြန်မာနိုင်ငံအလယ်ပိုင်း ပုံတောင်ဒေသမှ တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြလျက်ရှိကြောင်း၊ **"လူသားမျိုးနွယ်အစ မြန်မာက"**ဟုပင် ယူဆနိုင်ပြီဖြစ်ကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံတော်၏ ကောင်းကျိုးဆိုးပြစ်တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုတို့သည် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေတည်လျက်ရှိကြောင်း။

ယနေ့မျက်မှောက်ကာလ အနီးစပ်ဆုံးအချိန်ကို ကြည့်ပါက ၁၉၈၈ခုနှစ်တွင် မြေပေါ်မြေအောက် အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် မင်းမဲ့စရိုက်အခြေအနေဆိုးများအထိ ဖြစ်ခဲ့ရကြောင်း၊ နိုင်ငံလွတ်လပ်ရေးဆုံးရှုံးပြီး နိုင်ငံတော်ပြိုကွဲမည့်အခြေအနေထိ ကျရောက်ခဲ့ရသဖြင့် တပ်မတော်က နိုင်ငံတော်ကို အချိန်မီ ထိန်းသိမ်းခဲ့ရပါကြောင်း။

တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူကြားက ပေါက်ဖွားလာသော တပ်မတော်သည် တိုင်းရင်းသား မိဘပြည်သူများ၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး အသက်ပေးကာကွယ်စောင့်ရှောက်သည့်နည်းတူ နိုင်ငံရေးအရလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးနှင့် ဦးတည်ချက် (၁၂)ရပ်သည် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှိသူတိုင်း လိုက်နာဆောင်ရွက်ကြရမည့်အချက်များ ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အာဏာကို ပြည်သူများလက်ဝယ်သို့ ညင်သာစွာပြန်လည်အပ်နှင်းရေး ဦးတည်ပြီး နိုင်ငံအတွက် အသက်တမျှ အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကိုရှေးရှုကာ အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း။

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ် ပုသိမ်တက္ကသိုလ်ဥပဒေပညာဌာနမှ နည်းပြဒေါ်တင်တင်သန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာစောသန္တာမြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

မြောင်းမြမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေဝင်း(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

အတိတ်သမိုင်းကိုပြန်ကြည့်

နိုင်ငံတော်အစိုးရအနေဖြင့် တစ်ဖက်ကစစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်အောင် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဒေသအနှံ့ ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြောင်း၊ အမျိုးသားညီလာခံသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် အတိတ်သမိုင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း ပြန်ပြီးကြည့်ရပါကြောင်း၊ အတိတ်သမိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ရှိခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူများ အခက်အခဲ အကျပ်အတည်းများနှင့် တွေ့ကြုံခဲ့ရကြောင်း။

ထို့ကြောင့် ယခုအမျိုးသားညီလာခံတွင် အားနည်းချက်များ၊ အဖျက်မျိုးစေ့များမပါစေရန် စိတ်ရှည်လက်ရှည် အချိန်ယူပြီး ဝေဖန်သုံးသပ်ကာ အသေးစိတ်ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ချမှတ်ထားသည့် အစီအစဉ်အတိုင်း အလေးအနက်ထားပြီး စနစ်တကျ ဆောင်ရွက်နေသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန် နေ့မအား၊ ညမနား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည်ကို တွေ့မြင်နေကြရခြင်း ဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုး

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ခိုင်မြဲလာသည်ကို မနာလို မရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကိုလည်း မပြတ်သောသတိ အမြဲရှိကြရန် လိုအပ်မှာဖြစ်ကြောင်း၊ အဖျက်လုပ်ဆောင်ချက်များကို တိုင်းရင်းသားပြည်သူများအားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပူးပေါင်း တွန်းလှန်သွားကြရမှာ ဖြစ်ကြောင်း။

အမှာစကား

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဟသ်ာတတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးစိုးမြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံကို မြန်မာနိုင်ငံသားများလောက် မည်သည့် နိုင်ငံသူ၊ နိုင်ငံသားမျှ မချစ်ကြကြောင်း၊ နိုင်ငံတော်ကြီးကို ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်သွားကြရမည့် တာဝန်သည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ခိုင်မာမှုသာ အနာဂတ်နိုင်ငံတော်ကို ပုံဖော် တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာထားပြီးဖြစ်ရာ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဓိကအခြေခံအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပသွားနိုင်ရေးသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ကြီးပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ရေးနှင့်ကျင်းပဆဲဖြစ်သော အမျိုးသားညီလာခံကြီး အောင်မြင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ကြိုဆိုထောက်ခံ

ယင်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို တင်သွင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်မှာ မဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမှုနှင့်ပတ်သက်ပြီး နိုင်ငံအချို့၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို အလျင်စလိုရေးဆွဲခဲ့ခြင်းကြောင့် ယနေ့တိုင် ပဋိပက္ခဖြစ်နေသည်ကို တွေ့ရကြောင်း၊ အချို့နိုင်ငံများ၌ အချိန်ယူပြီး ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ကောင်းမွန်လျက်ရှိသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်ရေးအတွက် အတိတ်သမိုင်း၏ အားနည်းချက်၊ အားသာချက်များ၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ် အခြေခံပြီး မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီအောင် အချိန်ယူရေးဆွဲလျက်ရှိရာ အနာဂတ် မြန်မာနိုင်ငံတော်ကို ဖော်ဆောင်မည့်အခြေခံမှုများ ရေးဆွဲနေသော အမျိုးသားညီလာခံကြီး အောင်မြင်ရေးသည် မိမိတို့တစ်မျိုးသားလုံးအတွက် အသက်တမျှအရေးကြီးသော ပန်းတိုင်ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်း အဆိုကို လေးလေးနက်နက်တင်သွင်း အပ်ပါကြောင်းဖြင့် အဆိုတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ် ပုသိမ်တက္ကသိုလ် ဥပဒေပညာဌာနမှ နည်းပြဒေါ်တင်တင်သန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် တပ်မတော်အစိုးရလက်ထက်၌ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ အဘက်ဘက်က ယိုယွင်းပျက်စီးနေသော အခြေအနေများကို ပြန်လည်ထိန်းသိမ်းကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ခဲ့ရကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ခေါင်းဆောင်ကောင်းတို့၏ အရည်အချင်း၊ နောက်လိုက်ကောင်းတို့၏ အရည်အချင်းများ ပြည့်စုံစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြပါကြောင်း။

ယခုအခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကူးပြောင်းနိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်တိုင်းအောင်မြင်ရန် ပြည်သူအားလုံးနှင့်အတူ အမျိုးသမီးထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ် တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာစောသန္တာမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် အဓိကဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံတော်၏ သဘာဝအနေအထား၊ သမိုင်းကြောင်း အခြေခံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစသည့် အခြေအနေအရပ်ရပ်များနှင့် လိုက်လျောညီထွေဖြစ်နေပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲသည့်အခါတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက ဆွေးနွေးချမှတ်နေကြခြင်းဖြစ်ကြောင်း။

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကူးပြောင်းမည်ဆိုလျှင် ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို အတင်းအကျပ် အဆောတလျင် ကူးပြောင်းသည့်အတွက် နိုင်ငံအချို့၏ ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူကြရမှာဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ပေးနေခြင်း ဖြစ်သည့်အတွက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် မြောင်းမြမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း (အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ယခုအခါ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပနေကြောင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်သည့် အခြေခံမူများအပေါ် မူတည်ပြီး ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက် အသက်ဝိညာဉ်ပမာ အရေးကြီး လှပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဖျက်အန္တရာယ်မှန်သမျှကို ပြည်သူများနှင့်အတူ တားဆီးကာကွယ် သွားမှာဖြစ်ပါကြောင်း ကတိပြုလျက် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဥပဒေပညာရှင် ဒေါ်လေးလေးမွန်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေရုံဖြင့် မပြီးသေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေနိုင်ရန်အတွက် နယ်နိမိတ်သတ်မှတ်ချက်ရှိရမည်၊ နိုင်ငံအတွင်း နေထိုင်ကြသော လူဦးရေ၊ ပြည်သူရှိရမည်၊ အုပ်ချုပ်သည့်အစိုးရ ရှိရမည်၊ အချုပ်အခြာ အာဏာရှိရမည် ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဆိုသည့် အာဏာသုံးရပ်ဖြစ်ကြောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

❒ စာမျက်နှာ ၁၀ မှ

ယင်းအချက်လေးချက်နှင့်ပြည့်စုံမှသာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဟု ခေါ်ဆိုနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်နှင့် ပြည့်စုံနိုင်ရန် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၏ တတိယအချက်ဖြစ်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ဆောင်ရွက်ချက်သည် မိမိတို့နိုင်ငံအတွက် အသက်ဝိညာဉ်ပမာ အရေးကြီးလှပါကြောင်း။

အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့် ပြည်ထောင်စုတစ်ခုလုံးအတွက် မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်ကြောင်း။

အမျိုးသားညီလာခံသည် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားအားလုံး၏ အနာဂတ် နိုင်ငံတော်သစ်ကိုပုံဖော်နေခြင်းဖြစ်၍ အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဧရာဝတီတိုင်း စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးမျိုးချစ်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိကြောင်း၊ စီးပွားရေးခိုင်မာတောင့်တင်းမှသာ နိုင်ငံရေးနှင့် လူမှုရေးတို့ကို အထောက်အကူပြုမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စီးပွားရေးဦးတည်ချက်(၄)ရပ် ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးကို အထောက်အကူပြုမည့် စီးပွားရေးစနစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရန်အတွက် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစပြီး မြန်မာ့စီးပွားရေး အဆောက်အအုံ၌ ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံလိုအပ်ချက်များကို တည်ဆောက်နိုင်ရန် စီးပွားရေးဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စီးပွားရေးဆိုင်ရာ အခြေခံမူများ အားနည်းသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေးကျဆင်းလာခဲ့ပြီး စားဝတ်နေရေး ကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ဆူပူအုံကြွမှုဖြစ်ခဲ့ပြီး နိုင်ငံတော် အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မည့် အခြေအနေ အထိ ရောက်ရှိခဲ့သည်ကို မိမိတို့အားလုံး သိရှိခံစားခဲ့ကြရပြီး ဖြစ်ကြောင်း။

ချမှတ် ဆောင်ရွက်နေခြင်းဖြစ်၍ ယခုကျင်းပပြုလုပ်သော အမျိုးသားညီလာခံကို လေးလေး နက်နက်ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာမှ ဒေသခံ တောင်သူ ဦးဆန်းမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းသည် ဘယ်ခေတ်အခါနှင့်မျှမတူအောင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေသည်ကို မှန်မှန်ကန်ကန် မြင်တတ်၊ ရှုတတ်လျှင် အမှန်အတိုင်းတွေ့မြင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်း အားလုံးကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် အသက်တမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း။

မိမိတို့ပြည်သူများအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေသော အမျိုးသားညီလာခံကြီးကို မည်သည့်အကြောင်းများနှင့်မျှ မပျက်စီးစေလိုကြောင်း၊ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လာသူမှန်သမျှကို ပြည်သူ့စွမ်းအားဖြင့် ခုခံတိုက်ထုတ် ကာကွယ်သွားရမှာဖြစ်ကြောင်း။

မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်ရှိကြသော မိမိတို့ပြည်သူလူထုအားလုံးက စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားရမှာဖြစ်ကြောင်းနှင့် အမျိုးသားညီလာခံကြိုဆိုထောက်ခံကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးကြီးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၉နာရီ ၄၅မိနစ်တွင် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ဥပဒေပညာရှင် ဒေါ်လေးလေးမွန် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးမျိုးချစ် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာမှ ဒေသခံတောင်သူ ဦးဆန်းမြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဤသည်တို့ကိုသင်ခန်းစာယူပြီး ယခုကျင်းပပြုလုပ်နေသော အမျိုးသားညီလာခံကြီးက အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းစေရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စီးပွားရေးနှင့် စပ်လျဉ်းသည့် အခြေခံမူ(၇)ချက်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဆွေးနွေးချမှတ်

ယင်းအခြေခံမူများကို လေ့လာကြည့်ပါက အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားခိုင်မာတောင့်တင်းစေရန် ရည်ရွယ်ရေးရှုပြီး ဒီမိုကရေစီနည်းလမ်းတကျ ပြည့်ပြည့်စုံစုံ ဆွေးနွေး

မင်္ဂလာဗျူဟာအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်(၄၉)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆွေးနွေးတင်ပြလိုပါက အသင်းချုပ်အတွင်းရေးမှူးထံ ပေးပို့ကြရန်ဖြစ်သည်ဟုသိရသည်။ (၂၃)

ခွင့်သာတုန်းခါ လိုက်ခဲ့ပါ

* **စည်း**လုံးချစ်ကြည်၊ ညီညွတ်မည်တည့်
တူညီလက်တွဲ၊ ခိုင်မြဲမပြတ်
ထိန်းသိမ်းအပ်သည်၊ စိတ်ဓာတ်မျိုးချစ်စစ်မှန်တည်း။

* **လုံး**ဝန်းညီညာ၊ ပြည်ထောင်သာလို့
ရှေ့သို့သွားရန်၊ လမ်းမှန်ခုနစ်ရပ်
ချမှတ်ခဲ့သည်၊ ရွှေညီလာခရီးအစတည်း။

* **ချစ်**စရာ့မွေနှစ်၊ ရိုးရာစစ်မို့
နှစ်သက်မြတ်နိုး၊ အမျိုးသားယဉ်ကျေးမှု
စဉ်ရှေးရှုသည်၊ ပြည်ထောင်စု၏ အလှတည်း။

* **ကြည်**နူးပျော်ရွှင်၊ ရေစင်ရေသန့်
ညာကြေအနှံ့သို့၊ စိုက်ဖို့သုံးရန်
ပေါ်ပြည့်လျှံသည်၊ မြန်ပြည်စီးပွားအကျိုးတည်း။

* **နိုင်**ငံတစ်ဝန်း၊ ကားလမ်းတံတား
ရထားလမ်းသစ်၊ လျှပ်စစ်စွမ်းနှင့်
အဆင့်မြင့်သည်၊ တည်ထားတက္ကသိုလ်ထိုထိုတည်း။

* **ငံ**ငံရည်ရည်၊ တူညီရွှင်ကာ
ရွှေညီလာကို၊ ကြိုဆိုဂုဏ်ပြု
ထောက်ခံမှုသည်၊ ပြည်သူ့ဆန္ဒအမှန်တည်း။

* **တော်**တည့်မှန်ကန်၊ အားစိတ်သန်၍
နိုင်ငံအရေး၊ အေးချမ်းဖြိုးအောင်
ရေးရှုဆောင်သည်၊ အောင်မည်မလွဲသေချာတည်း။

* **သစ်**လွင်သဏ္ဌာန်၊ စစ်မှန်စည်းကမ်း
ပြည့်စုံလျှမ်းသည့်၊ လမ်းဒီမိုဆီသို့
ချီတက်ကြသည်၊ ချစ်ကြည်တူတူညီညီတည်း။

* **ဆီ**လျော်မှန်ကန်၊ စစ်မှန်ဥပဒေ
ပေါ်ပေါက်စေရေး၊ ရွှေညောင်နှစ်ပင်
လုပ်ငန်းစဉ်သည်၊ အောင်မည်ကေန်မလွဲတည်း။

* **သို့**လော သို့လော၊ မတွေးတောနှင့်
ခွင့်သာတုန်းခါ၊ မလိုက်ပါလျှင်
သင်သာမိုက်သည်၊ ဖြစ်လိမ့်မည်တည်းဖြစ်မည်တည်း။ ။

(အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို ဂုဏ်ပြုလျက်)

မိုးရန်နိုင် (ကျောက်ကြီး)

ဘက်စုံပြုပြင်မှုလုပ်ငန်းများအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရဝုဏ်အတွင်း၊အပြင် ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဖုန်း–၀၅၇–၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း–၀၅၇–၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း–၀၅၇–၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

သီရိမင်္ဂလာစာသင်တိုက် တည်ဆောက်ရန်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်တွင် မီးဘေးသင့်ခံခဲ့ရသော သီရိမင်္ဂလာစာသင်တိုက်ကြီး ပြန်လည် တည်ဆောက်ရန်အတွက် စမ်းချောင်းမြို့နယ် သံတံတားလမ်းနေ ဦးသိဟ–မနီလာ မိသားစုက ကျပ်၁၀သိန်း**(အောက်ပုံ)** ဗိုလ်မှူးကြီးထွန်းအောင် (ငြိမ်း)–ဒေါက်တာဖြူဖြူဝင်း မိသားစု (ရွှေပြည်သာဆေးရုံ)က ကျပ်နှစ်သိန်းနှင့် ဒေါ်လာ ၁၀၀၊ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ ဒေါ်ခင်ခင်ညွန့်၊ သမီး မနန္ဒာက ကျပ် သုံးသိန်း၊ စမ်းချောင်းမြို့နယ်နေ ဦးသိန်းညိုလွင်–ဒေါ်မူယာ (သိန်းမိသားစု)က ကျပ်နှစ်သိန်း၊ စမ်းချောင်းမြို့နယ် မနော်ဟရီရိပ်သာနေ ဦးသက်ထွန်း–ဒေါ်ဂျာလုံ မိသားစုက ဘုရားကျောင်းဆောင်တစ်ဆောင်တို့ကို လာရောက်လှူဒါန်းခဲ့သည်။

ကုသိုလ် ပါဝင်လှူဒါန်းလိုသူများ တိုက်အုပ်ဆရာတော် ဦးခေမာ ဖုန်း–၆၆၇၁၉၃၊ ဒေါ်မူယာ ဖုန်း–၅၁၂၁၈၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃–၁–၂၀၀၆ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	သံလွင်မြစ်နဒီ လက်ခုပ်သံဝေစည်
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၀၅	ဆရာကြီးဦးလွန်းကြွယ်၏ စိန်ရတုမွေးနေ့ပန်းချီပြပွဲ
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ဘဲမွေးမြူရေး)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	မိုးလေဝသခန့်မှန်းချက်
၉:၂၀	လိုက်နာကြပါ
၉:၂၅	အိုလံပစ်အားကစားချန်ပီယံများ
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ (အပိုင်း–၁)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (အုန်းသီးကျောက်ကျော)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ (အပိုင်း–၁)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၀	မနီတို့ရွာနှင့်မြစ်
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ကျန်းမာရေးအတွက် သန့်လေးသန့်
၁၁:၃၀	ဂီတသံစဉ် အလှဆင် (ခင်ယုမေ)
၁၁:၄၅	မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၂:၂၅ West Ham - Fulham

လိုင်း 5-Sports (Live)

၂၀၀၆ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၆ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ခန္တီး၊ လဟယ်၊ လေရှီးမြို့နယ်များမှ နာဂတိုင်းရင်းသားများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် သဘာပတိအဖြစ် နာဂတိုင်းရင်းသား ဦးကျနောက ဆောင်ရွက်သည်။ အစီအစဉ်အရ တက်ရောက်လာကြသူများက နိုင်ငံတော် အလံအားအလေးပြုကြသည်။ ဆက်လက်၍ အခမ်းအနား သဘာပတိဦးကျနောက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟို အလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံနောက်ခံသမိုင်းကို နာဂတိုင်းရင်းသူ ဒေါ်ဝေါင်လိုင်းရှီးက ရှင်းလင်းတင်ပြသည်။ ထို့နောက်နာဂတိုင်းရင်းသားအကြီးအကဲ ဦးကီးရှီးမှူးနှင့်နာဂတိုင်းရင်းသားများက တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများအား နှစ်သစ်ကူးလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နာဂတောင်တန်းဒေသဖွံ့ဖြိုးရေးနှင့် နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများပေးအပ်လှူဒါန်းပွဲပြုလုပ်ရာ တိုင်းမှူးနှင့်ဝန်ကြီးတို့ကရုပ်မြင်သံကြားနှင့် ဂြိုဟ်တုစလောင်း၊ မြဝတီ ထပ်ဆင့်လွှင့်စက်၊ မြို့နယ်များရေရရှိရေးအတွက် လှူဒါန်းငွေ၊ ကွန်ပျူတာ၊ မိတ္တူကူးစက်၊ ကက်ဆက်၊ လျှပ်စစ်လေရဟတ်၊ ဆား၊ ငါးခြောက်၊အဝတ်အထည်၊ စောင်၊ စိုက်ပျိုးရေးအတွက် ကုန်းမြင့် ၂၈ပါးမျိုး၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ လက်ဖက်ပျိုးပင်များ၊ ပေါက်ပြား၊ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပေးပို့လှူဒါန်းသော ကွန်ပျူတာ နှစ်စုံ၊ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းနှင့် ပေါက်ပြားများကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကိုယ်စား အားကစားဝန်ကြီးဌာန ဝန်ကြီးက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

၂၀၀၆ခုနှစ် နာဂရိုးရာ နှစ်သစ်ကူး ပွဲတော် အခမ်းအနားတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဧည့်သည်တော်များအား နာဂတိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးဌာနအသီးသီးမှ ပေးအပ်လှူဒါန်းသည့် ပစ္စည်းများကို ဝန်ကြီးဌာန အလိုက် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ အစီအစဉ်အရ နာဂတောင်တန်းဒေသ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိုင်းမွန်းပဲလေ့ကုမ္ပဏီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များမှ လှူဒါန်းငွေကျပ်သိန်း ၅၀ကို တိုင်းမှူးက လက်ခံသည်။

ထို့နောက် နာဂတိုင်းရင်းသားအကြီးအကဲ ဦးလုထွန်းက ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက်တိုင်းမှူး၊ ဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များအား ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နာဂတိုင်းရင်းသားရိုးရာ အကအဖွဲ့က ရိုးရာအကဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ၂၀၀၆ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်တွင် ကျင်းပသည့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။ ထို့နောက်တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားဘော်လီဘောပြိုင်ပွဲ ရွှေပြည်အေး(က)အသင်းနှင့် ကိုကိုင်လုံရွာအသင်းတို့၏ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ဆုရရှိသည့် ဘော်လီဘော အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ပိုက်ကျော်ခြင်းအသင်းများကို ဆုချီးမြှင့် ပေးအပ်ပြီး ဝန်ကြီးက လွန်ဆွဲပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဆုရအသင်းများကို ဆုချီးမြှင့်ပေးအပ်၍ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အခြားအားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများအား ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြသည်။ အားကစားပြိုင်ပွဲများအတွက် ဆုငွေနှင့် အားကစားအင်္ကျီ၊ အားကစားဖိနပ်များ ချီးမြှင့်ခဲ့သည်။

၂၀၀၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်၏ ရိုးရာယဉ်ကျေးမှု မီးပုံပွဲကို ညပိုင်းတွင် ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များ၊ နာဂတိုင်းရင်းသားများ၊ နာဂရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။ အစီအစဉ်အရ ရိုးရာယဉ်ကျေးမှု မီးပုံပွဲကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မီးကွင်းအား မီးညှိပြီး ဖွင့်လှစ်ပေးသည်။ ထို့နောက် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အလှည့်ကျ ကပြဖျော်ဖြေကြသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက (၆၁)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ရုပ်မြင်သံကြားဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို အခြေခံပညာအဆင့်နှင့် အဆင့်မြင့် ပညာအဆင့်ဟူ၍ နှစ်တန်းခွဲခြားပြီး ကျင်းပပေးမည်ဖြစ်သည်။

ပြည်နယ်၊ တိုင်းအသီးသီးမှ (၈၊ ၉၊ ၁၀)တန်း ကျောင်းသား/ သူများအတွက် အခြေခံပညာအဆင့် ပြိုင်ပွဲကို ၈-၃-၂၀၀၆ခုနှစ်တွင်လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများမှ ကျောင်းသား/ သူများအတွက်အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲကို ၉-၃-၂၀၀၆ခုနှစ်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ဖြေဆို လိုသော ကျောင်းသား/သူများသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များထံ သတင်းပို့ကြရမည်ဖြစ်သည်။ ကြိုတင်လေ့လာထားနိုင်ရန် ပြဋ္ဌာန်းထားသော စာအုပ်များမှာ အခြေခံပညာအဆင့်အတွက် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ထုတ်ဝေသော တပ်မတော်သမိုင်း အတွဲ(၁)မှ အတွဲ(၄)အထိနှင့် အဆင့်မြင့်ပညာအဆင့်အတွက် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ထုတ်ဝေသော တပ်မတော်သမိုင်းအတွဲ(၅)မှ အတွဲ(၈)အထိ ဖြစ်သည်။ ထို့အပြင် နှစ်ဆင့်စလုံးအတွက် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော သီချင်းများ၊ ဇာတ်လမ်းများ၊ သတင်းမှတ်တမ်းများနှင့် ပညာပေးအစီအစဉ်များကို ကြိုတင်လေ့လာထားရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊တတိယဆုရရှိသူများကို ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့တွင် ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့် ဇန်နဝါရီ၁၇ရက်တွင် မကွေးတိုင်းအတွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကျောက်ချောလမ်း ဆောင်ရွက်နေမှုနှင့် တောင်တွင်းကြီးမြို့နယ် ညောင်နှစ်ချောင်း သစ်သားတံတားဆောက်လုပ်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရွှေတိဂုံဘုရားလမ်းရှိ သစ်လုပ်ငန်းခမ်းမှာရုံ၌ ကျင်းပသည့် အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး သက်ကြီးဘိုးဘွား ၁၄ဦးအား ကန်တော့ကြသည်။

ယင်းနောက် ဝန်ကြီးက ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ပြီး အင်္ဂပူမြို့နယ် အသင်းဝင် အလှူရှင်များ၏ အလှူငွေများကို လက်ခံသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် လူမှုထူးချွန် (ပထမဆင့်) ရရှိသူ အသင်းတွဲဖက် အတွင်းရေးမှူး ဦးမြင့်စိုးအား ဆုချီးမြှင့်စဉ်။
(သစ်တောရေးရာ)

စလင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

စလင်းမြို့နယ်အသင်း (ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဟိုတယ်ခရီး (စား/ဖျော်)ခမ်းမှာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်ပြည့် အသင်းဝင်များ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဒေါက်တာထွန်းဆိုင် ဖုန်း-၆၁၀၈၁၇၊ ၆၆၅၅၇၉၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ၆၈၁၂၃၀၊ ဦးဝင်းလှိုင် ဖုန်း-၅၅၄၈၉၇၊ ၃၉၂၈၉၉၊ ဦးစိန်ဝင်းမော် ဖုန်း-၆၈၃၆၂၃၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၀၁၂၁၅၉ တို့ထံ ဆက်သွယ်ပေးပို့ကြရန်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြ၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မင်းသက်မွန်က သင်တန်းဖြစ်မြောက်အောင် ကူညီပေးသူများအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသူကိုယ်စားလှယ်များအား သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး သင်တန်းသူများက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဧရာဝတီတိုင်း မအူပင်မြို့နယ် မလက်တိုအုပ်စု ဖိုးရာဝဲအုပ်စုနေ မခင်မာဝင်းက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခေတ္တရာအသင်း နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ခေတ္တရာအသင်း ရန်ကုန်မြို့ (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတို့ကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် ခေတ္တရာခြောက်မြို့နယ် မိသားစုများအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသက်(၇၅)နှစ်ပြည့်ပြီးသော သက်ကြီး အသင်းဝင်များ၊ နိုင်ငံတော် အဆင့် ဘွဲ့ထူးဂုဏ်ထူးနှင့် ဆုတံဆိပ်ရ အသင်းဝင်များ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်အတန်းစုံတွင် ဂုဏ်ထူးရရှိသော အသင်းဝင်မိသားစုများ၏ အမည်စာရင်းကို ဇန်နဝါရီ ၂၃ ရက်အရောက် အသင်းအမှုဆောင်များထံ ပေးပို့နိုင်ကြောင်းနှင့် ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးငွေအောင် ဖုန်း-၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း-၂၈၁၃၅၇၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း) ဖုန်း-၅၂၆၃၄၃ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

ဖလားဝါးနယူးစ် ဂျာနယ် အတွဲ (၂)၊ အမှတ် (၄)တွင် ကိုကို (စက်မှုတက္ကသိုလ်) ၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကုန်သွယ်မှုတန်ဖိုး ငါးဘီလီယံရောက်ရှိရန် ကုန်ကြမ်းများကို တန်ဖိုးမြှင့် ပစ္စည်းများပြုလုပ်၍ ပြည်ပတင်ပို့ရန်လိုအပ်၊ တောင်ယာပဲလုပ်စားချင်တယ် စစ်မတိုက်ချင်ဘူးဟု SSA တောင်ပိုင်း တပ်မဟာ (၂၄၁)မှ ကလေးစစ်သား စိုးနိုင်ကပြော၊ မူဆယ် နယ်စပ်ကုန်သွယ်ရေးဇုန် ဖေဖော်ဝါရီမတိုင်မီ ဖွင့်မည်၊ ပြည်ပတွင် အလုပ်လုပ်နေကြသော မြန်မာများထံ နေ့စဉ်ထုတ် စာနယ်ဇင်းများ အခမဲ့ပေးပို့ခြင်းဝန်ဆောင်မှုပေး၊ Readers Debate ကဏ္ဍမှ မြန်မာစကားကို အင်္ဂလိပ်စာလုံးနဲ့ အသံဖလှယ်ပြီးရေးတာ ကောင်းတယ်၊ မကောင်းဘူး စသည့် ပြည်တွင်းရေးရာ သတင်းများ၊ ဆောင်းပါးများ စုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

အာရှငွေကြေးစနစ်တစ်ခု မကြာမီ ပေါ်ပေါက်လာဖွယ်ရှိ၊ လေကြောင်းတိုက်ခိုက်မှုအတွက် အမေရိကန်က ဝန်ချတောင်းပန်ရမည်ဟု ပါကစ္စတန် အာဏာရပါတီက တောင်းဆို၊ ကမ္ဘာ့ဦးလူသားများ ငှက်ကြီးတို့၏ သားကောင်ဖြစ်နေခဲ့သလား၊ ဘုရားသခင်က အမေရိကန်ကို စိတ်ဆိုးနေသည်ဟု နယူးအော်လင်းစ် မြို့တော်ဝန် ပြောဆိုစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media Group ဖုန်း-၅၀၀၇၂၀ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က-ပ)

ကြံခင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ၊ ပြည်သူများ ဇန်နဝါရီ ၁၉ ရက်က ရွှေတောင်စု ရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ဝန်းကျင်၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (နယ်စပ်/စည်ပင်)



လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီး အတွက် ရွှေကျီး ဒေါ်သန်းသန်းညွန့်က ဒုတိယအကြိမ် အလှူငွေကျပ် သိန်း ၃၀ကို ကျောင်း ဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးလှမြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

အထက(၃) ကြည့်မြင်တိုင် (ယခင်ဗုကျုံး)ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်မှစတင်၍ အပတ်စဉ် (တနင်္ဂနွေနေ့တိုင်း) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းရုံးခန်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

တွံတေးမြို့နယ် ရခိုင်ချောင်တံတား ဖွင့်ပွဲကျင်းပ တပ်မတော်အစိုးရလက်ထက် ရန်ကုန်တိုင်းအတွင်း ၂၅ စင်းမြောက်ဖွင့်လှစ်သည့် ပေ ၁၈၀ အထက်တံတားဖြစ်

ရန်ကုန်   ဇန်နဝါရီ   ၂၂

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရခိုင်ချောင်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် တွံတေးမြို့နယ် ရခိုင်ချောင်ကျေးရွာအနီးရှိ အဆိုပါတံတား၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အမှတ်(၂) စစ်ဒေသမှူး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ တံတားတည်ဆောက်မှု စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်တော်များ ရခိုင်ချောင်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (အပေါ်ပုံ)**နှင့် တွံတေးမြို့နယ် ရခိုင်ချောင်တံတားကို တွေ့ရစဉ်။** (အောက်ပုံ)   (သတင်းစဉ်)



ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာအညွှန်း

- *မြန်မာနိုင်ငံဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ဆေးပညာရှင်များအား ကိုယ်စားပြုသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပြီး သက်တမ်းအရရော ဂုဏ်သိက္ခာအရပါ လေးစား အားထားဖွယ်ရာ ကောင်းသည့် ပြည်သူ့အကျိုးပြု အသင်းကြီးဖြစ်သည်။*
  ခေါင်းကြီး (စာမျက်နှာ-၂)
- *အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ*
  သတင်းဆောင်းပါး (စာမျက်နှာ-၂)
- *လက်ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် နို့တိုက်သတ္တဝါ ၆၁ မျိုး၊ တွားသွားသတ္တဝါ ၁၆မျိုး၊ ငှက်မျိုး ၇၀ကျော်နှင့် သစ်ပင်အမျိုးပေါင်း ၁၀၀ကျော် ပြသထားပါသည်။*
  တက္ကသိုလ်တင်လက်ျာ၏ **"နှစ်တစ်ရာတိုင်ပြီဖြစ်သည့် ပြည်သူများ အပန်းဖြေရာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)"**
  ဆောင်းပါး (စာမျက်နှာ-၆)
- ဖိုးရန်နိုင်(ကျောက်ကြီး)၏ **"ခွင့်သာတုန်းခါ လိုက်ခဲ့ပါ"**
  ကဗျာ (စာမျက်နှာ-၁၁)

မန္တလေးတိုင်းတွင် သုံးနှစ်အတွင်း မိုးစပါးဧက ၁၀သိန်းအထိ တိုးချဲ့စိုက်ရန်စီမံ ယာကြီးရေထိန်းတမံအပါအဝင် ကြက်မောက်တောင် ရေကူပေးရေးစီမံကိန်းမှ ရေဖြည့်တင်းပေးနိုင်မည်ဖြစ်ရာ ဧက ၂၂၀၀၀ ခန့်အထိ တိုးချဲ့စိုက်ရန်လျာထားနိုင်

ရန်ကုန် ဇန်နဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တည်ဆောက်ခဲ့သည့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ရေကူပေးရေး စီမံကိန်း ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံ ဆက်သွယ်ရေး တူးမြောင်းလုပ်ငန်း၏ ရေထိန်းတမံငါးခုမှ အဓိကတမံဖြစ်သည့် ယာကြီး ရေထိန်းတမံဖွင့်ပွဲ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ယာကြီးရေထိန်းတမံကို တွေ့ရစဉ်။ (သတင်းစဉ်)